# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၂၆)၊ ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် ၊ ၂၁-၇-၂၀၂၅၊ တနင်္လာနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရန်ကုန် - ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိရန်ကုန်-ပုသိမ်လမ်းမတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


စာမျက်နှာ ၃ သို့ ❒


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ဒေသအလိုက် မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/စလ

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္လာနေ့။

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်ပြန့်ပွားတတ်သည့် ရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပေါ်မူတည်၍ ကူးစက်မှုနှုန်းနှင့် ပြင်းထန်မှုနှုန်း ကွာခြားမှုရှိနိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်းဖြစ်ပွားလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့တွင် ဖြစ်ပွားမှုများပြားလေ့ရှိပါကြောင်း။ ခြင်မပေါက်ပွားနိုင်အောင် ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါအပြင် အခြားခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကို ကာကွယ်နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများဖြစ်သည့် Abate (ပိုးလောက်လမ်းသေဆေး)၊ Fogging Machine (ခြင်ဆေးမှုတ်စက်)၊ သွေးလွန်တုပ်ကွေးအမြန်သွေးစစ်ကိရိယာ (RDT)၊ ကလေးသွေးပေါင်ချိန်တိုင်းကိရိယာ (Pediatric BP Cuff) တို့ကို ကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ပါကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းတွင် အရေးပါသော Dengue virus serotype လေးမျိုးအား စောင့်ကြပ်ကြည့်ရှုခြင်း (Dengue Serological Surveillance) ကို အမျိုးသား ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနခွဲနှင့် ပူးပေါင်းလုပ်ဆောင်နေပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး/စီမံချက်မန်နေဂျာ (သွေးလွန်တုပ်ကွေး/ဆင်ခြေထောက်)က မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က Dengue Serological Surveillance ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခြင်း၊ လူနေရပ်ကွက်၊ ကျေးရွာများရှိ မလှယ်နိုင်၊ မသွန်နိုင်သော ရေစည်များနှင့် အုတ်ကန်များတွင် ခြင်လောက် လမ်းသေဆေး (အဘိတ်) ခတ်ခြင်းကို ရက်သတ္တပတ်ခြောက်ပတ်လျှင်တစ်ကြိမ် စနစ်တကျဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ၊ နိုင်ငံလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ ဝင်ခွင့်လျှောက်ထားနိုင်

**မန္တလေး ဇူလိုင် ၂၀**

ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၊ ပရိယတ္တိသဒ္ဓမ္မမာမကအသင်းကြီးက ကြီးမှူးကျင်းပမည့် ၁၃၈၇ ခုနှစ် ၂၅ ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ ဝင်ရောက်ဖြေဆိုတော်မူကြမည့် စာဖြေအရှင်တို့အတွက် ဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ရန် နှိုးဆော်လျှောက်ထားလျက်ရှိသည်။

ဓမ္မာစရိယတန်း ဝင်ခွင့်လျှောက်လွှာများကို ဝါဆိုလကွယ်နေ့နောက်ဆုံးထား၍လည်းကောင်း၊ အခြေစ၊ အခြေခံ၊ အဆင့်မြင့်စာသင်တန်းဝင်ခွင့်လျှောက်လွှာများကို တော်သလင်းလကွယ်နေ့နောက်ဆုံးထား၍လည်းကောင်း လျှောက်ထားတင်သွင်းနိုင်သည်။

ဝင်ခွင့်လျှောက်လွှာထုတ်ယူတင်သွင်းနိုင်ရန်အတွက် ဦးကောသလ္လာဘိဝံသ၊ ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ ရန်ကင်းတောင် ၀၉-၇၉၇၈၂၂၉၀၈၊ ဦးနန္ဒာလောကာဘိဝံသ၊ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်၊ ရန်ကင်းတောင် ၀၉-၇၆၈၁၂၂၄၈၃၊ ဦးကြည်ဌေး(မော်ကွန်းထိန်း) ကျိုကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့ ၀၉-၉၅၇၀၇၆၃၅၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၀၄၁)

## မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် YH 90 UNITED အသင်းတို့ ချစ်ကြည်ရေးရုံပုံငွေဘောလုံးပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၂၀**

မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့်မိဘပြည်သူများအား ကူညီပံ့ပိုးမှုများပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနှင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းတို့ပူးပေါင်း၍ မန္တလေးဘောလုံးသမားများအသင်းနှင့် YH 90 UNITED ရုပ်ရှင်သရုပ်ဆောင်များပါဝင်သော အသင်းတို့ ချစ်ကြည်ရေးရုံပုံငွေဘောလုံးပွဲကို ယနေ့ ညနေ ၄ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့်လမ်း ၇၀ကြား၊ လမ်း၃၀ရှိ ဗထူးအားကစားကွင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကိုမျိုးပိုင်နှင့် ကိုရဲထွဋ်တို့ဦးဆောင်သည့် ချစ်ကြည်ရေးရုံပုံငွေပွဲ ကစားကြမည့် YH 90 UNITED ရုပ်ရှင်သရုပ်ဆောင်များအသင်းအား ဗထူးအထူးတန်းရှေ့တွင် အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လက်ရွေးစင်ဟောင်း ဦးရဲလင်း (စိန်မြင့်မိုရ်ကဖေး)မိသားစုက လက်ဘက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံဂုဏ်ပြုအပြီးတွင် ဧည့်ပရိသတ်အပေါင်းအား အထူးတန်းရှေ့စင်မြင့်တွင် သရုပ်ဆောင်-အဆိုတော်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးရုံပုံငွေပွဲမစတင်မီ မန္တလေးဘောလုံးသမားဟောင်းများ အသင်းနာယကကြီး ဦးခင်မောင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များအသင်းမှ သရုပ်ဆောင်သူထူးစံတို့က ကျေးဇူးတင်စကားများပြောကြားကြကာ အလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အား/ကာညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် YH 90 UNITED ရုပ်ရှင်သရုပ်ဆောင်များအသင်းမှ တာဝန်ရှိသူများက ကွင်းအတွင်းနေရာယူထားကြသည့် နှစ်ဘက်အသင်းမှ အားကစားသမားများနှင့် ဒိုင်လူကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အမှတ်တရ လက်ဆောင်များ အပြန်အလှန်လဲလှယ်ပေးအပ်ကြသည်။ ဆက်လက်၍ ချစ်ကြည်ရေးရုံပုံငွေဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် YH 90 UNITED အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(၀၄၀)

## ဆင်တူ ရောင်ကွဲ ဂေါ်ဝိန်နှင့် အိပ်မက်တမန် စေလိုက်ချင်သည် စာအုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ စိတ်ကူးချိုချို စာအုပ်အရောင်းဆိုင်တွင် စာအုပ်အသစ်များဖြစ်သော ဆရာရဲသျှမ်း၏ "ဆင်တူ ရောင်ကွဲ ဂေါ်ဝိန်" နှင့် ဆရာနွေမွန်(မန်း)၊ ဆရာဝင်းမင်းထွန်း(မန်းတက္ကသိုလ်)၊ ဆရာရဲသျှမ်းတို့၏ "အိပ်မက်တမန် စေလိုက်ချင်သည်"(တက္ကသိုလ်နောက်ခံဝတ္ထုတိုများ)စာအုပ် လက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ အဆိုပါစာအုပ်ဆိုင်ရှေ့မျက်နှာစာတွင် ကျင်းပသည်။

စာအုပ်လက်မှတ် ရေးထိုးပွဲသို့ စာရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီဒီဇိုင်းဆရာများ၊ မီဒီယာများ၊ ဖိတ်ကြားထားသူများနှင့် စာအုပ်ချစ်သူများ တက်ရောက်ကြသည်။

ထို့နောက် စာအုပ်ဝယ်ယူအားပေးသူများကို စာရေးသူများဖြစ်သော ဆရာရဲသျှမ်း၊ ဆရာနွေမွန် (မန်း)၊ ဆရာဝင်းမင်းထွန်း (မန်းတက္ကသိုလ်)တို့က စာအုပ်၏ ပထမစာမျက်နှာတွင် အမှတ်တရလက်မှတ်ရေးထိုးပေးကြသည်။ ဆင်တူ ရောင်ကွဲ ဂေါ်ဝိန်စာအုပ်မှာ ကျပ် ၁၂၀၀၀ ဖြစ်ပြီး၊ အိပ်မက်တမန် စေလိုက်ချင်သည် စာအုပ်မှာ ကျပ် ၈၀၀၀ ဖြစ်ကာ စိတ်ကူးချိုချိုစာအုပ်ဆိုင်မှ စာအုပ်ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်း လျှော့၍ ရောင်းချပေးကြောင်း သိရသည်။

PNT



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❐ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ အဆင့်မြှင့်တင်မှုနှင့် လုပ်ငန်းစကြီး တည်ဆောက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လမ်းဘေးဝဲ၊ ယာ၌ သန့်ရှင်းသာယာပြီး လမ်းအင်္ဂါရပ်များနှင့် ပြည့်စုံရေးဆောင်ရွက်ရန်၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှု မရှိစေရေး၊ ရေထွက်ပေါက်များမှ ရေများအလွယ်တကူစီးဆင်းသွားနိုင်ရေး စနစ်တကျတွက်ချက်၍ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်တုန်းလမ်းတစ်လျှောက်နှင့် ရွှေပြည်သာမြို့နယ် အမှတ် (၄) လမ်းတစ်လျှောက် ရေနုတ်မြောင်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ မော်တော်ကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် လမ်းမတစ်လျှောက် လမ်းဘေးဝဲ၊ ယာ၌ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုပ်ရှင်ထုတ်လုပ်သူလုပ်ငန်းရှင်များ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။



**ညှိနှိုင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသနိုင်မည့် အခြေအနေနှင့် ရိုက်ကူးထုတ်လုပ်ရန် လိုအပ်မှု အခြေအနေကို လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုစနစ်အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူများနှင့် ရုပ်ရှင်ရုံပိုင်ရှင်များ ညှိနှိုင်းပေါင်းစပ်၍ အားလုံးအဆင်ပြေစေမည့် ရုံတင်ပြသမှုစနစ် ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေကို လည်းကောင်း၊ နိုင်ငံတော်အစိုးရက ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေသည့် အခြေအနေများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ရုပ်ရှင်ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ရုပ်ရှင်ဖွံ့ဖြိုးရေးဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် "ရုပ်ရှင်မြို့တော်စီမံကိန်း" အတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ ပေးအပ်ထားသည့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ရုပ်ရှင်မြို့တော် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနုပညာကို အခြေခံသည့် လုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်ရန်နှင့် သတ်မှတ် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်)သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အရည်အသွေးပြည့်မီစွာထုတ်လုပ်ရေး၊ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးအတွက် MSME များမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ စွန့်ပစ်ရေများ စမ်းသပ်စစ်ဆေးနေမှု၊ ပြင်ဦးလွင်ခရိုင်ရှိ MSME များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြင်ဦးလွင်ခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး ဖွင့်လှစ်၍ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက MSME များမှ ထုတ်လုပ်သော စားသောက်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးနိုင်ရေးအတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်နိုင်ရန် ဓာတ်ခွဲခန်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ခရိုင်အတွင်းရှိ MSME များ၏ လိုအပ်ချက်ကို သိရှိအောင် ဆောင်ရွက်ပြီး ထိရောက်သည့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ ဆပ်ပြာစက်ရုံ(မန္တလေး)နှင့် မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးတို့၌ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများနှင့်စက်ပစ္စည်းကိရိယာများ ပြင်ဆင်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံများ ပြန်လည်ပြင်ဆင်ရာတွင် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၅ နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်အတွင်းရှိ လှိုင်းကာလာ သွပ်ပြားလိုင်းဖော်လုပ်ငန်း(ဝဲပုံ)၊ တော်ဝင်သွပ်ပြားလိုင်းဖော်လုပ်ငန်း၊ Top One One သွပ်လိုင်းဖော်လုပ်ငန်းတို့ကို သွားရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊ မြစ်သားမြို့နယ်ရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)တို့ကို ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကမ္ဘာ့သတင်းမီဒီယာကောင်စီအစည်းအဝေး တန်ဇန်းနီးယားနိုင်ငံ၌ ကျင်းပ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တက်ရောက်ဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၀

တန်ဇန်းနီးယားနိုင်ငံ Arusha မြို့တွင် ကမ္ဘာ့သတင်းမီဒီယာကောင်စီ (WAPC) (World Association of Press Councils) ၏ အထွေထွေအစည်းအဝေးနှင့် 2nd Pan-African Media Councils' Summit 2025 ကို ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ တက်ရောက်ဆွေးနွေးသည်။

ညီလာခံသို့ တန်ဇန်းနီးယားနိုင်ငံ ဒုတိယသမ္မတ Dr. Philip Isdor Mpango နှင့် ဝန်ကြီးများ၊ အာဖရိက၊ အာရှနှင့် ဥရောပတိုက်တို့ရှိ နိုင်ငံပေါင်း ၃၀ ခန့်မှ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အိမ်ရှင်နိုင်ငံမှ သတင်းမီဒီယာသမားများ တက်ရောက်ကြပြီး ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားသည်။ အစည်းအဝေးတွင် အခြားသော ကမ္ဘာ့သတင်းမီဒီယာကောင်စီဝင်များနှင့်အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံမီဒီယာလောကနှင့် သတင်းမီဒီယာကောင်စီ၏ အခန်းကဏ္ဍကို ဆွေးနွေးပြောကြားသည်။

ညီလာခံတွင် ကမ္ဘာနှင့်အာဖရိကတိုက်နိုင်ငံများ၌ သတင်းမီဒီယာသမားများအတွက် သတင်းမီဒီယာဆိုင်ရာကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ရေး၊ ကျင့်ဝတ်နှင့်ညီညွတ်၍ တာဝန်ယူမှု တာဝန်ခံမှုရှိသော သတင်းမီဒီယာသမားများအတွက် စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိစေရေး၊ သတင်းတုသတင်းမှားများ လျော့နည်းပပျောက်စေရေးနှင့် AI (Artificial Intelligence) နည်းပညာကို မီဒီယာကဏ္ဍတွင် စနစ်တကျအသုံးချနိုင်စေရေး စသည်တို့ကို ဆွေးနွေးကြသည်။ ဇူလိုင် ၁၇ ရက်တွင် နိုင်ငံတကာမှ တက်ရောက်လာကြသူများ Arusha National Park အမျိုးသားသဘာဝဥယျာဉ်ကို လေ့လာကြသည်။ အစည်းအဝေးတွင် ကောင်စီအတွင်းရေးမှူး ဦးအေးချမ်းလည်း တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

# (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် ( ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့်ဆုပေးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၀

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက တပ်မတော် စက်ပစ်ကွင်း (ပြင်ဦးလွင်)၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး တပ်မတော်ပစ်ခတ်စဉ် (အမျိုးသား) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ် (အမျိုးသမီး) ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်း၊ တတိယရရှိသော အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်လက်ဖြောင့်ပွဲစဉ်တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ရိုင်ဖယ်(အမျိုးသား) ပွဲစဉ်(၂)တွင် စံချိန်သစ်တင် ဆုရရှိခဲ့သည့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော် ( ကြည်း၊ ရေ၊ လေ) မှ ပြိုင်ပွဲဝင်အသင်း ( ၁၈ )သင်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်း ဒေသခံတောင်သူများ၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အား ရှားပါးမှု အခက်အခဲကို ဖြေရှင်းပေးနိုင်ရေး၊ စပါးအထွက်နှုန်း ကောင်းမွန်စေခြင်းစသည့် ကောင်းကျိုးများစွာ ရရှိစေရန် ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း Kubota (၆)တန်းသွား ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဝက္ကသေးကျေးရွာ၊ ကွင်းအမှတ်(၂၆၀၀)၊ ဦးပိုင်အမှတ်(၁)ရှိ ဒေသခံတောင်သူ ဦးသန်းလွင်၏ လယ်မြေ (၂)ဧကအတွင်း၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးတိုးမြင့်ပိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ဦးခန့် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မိသနီးမြေ)**



# နောင်ချိုမြို့၌ တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေး

နောင်ချို ဇူလိုင် ၂၀

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများ အလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို ဇူလိုင် ၁၆ ရက်တွင် တပ်မတော်ကအပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှု အပေါ် နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်အားပေး ထောက်ခံကြိုဆိုလျက်ရှိသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများသည် ယမန်နေ့က နောင်ချိုမြို့သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများလိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။



ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နောင်ချိုမြို့ သာသနာနှစ်ထောင့်ငါးရာစေတီတော်သို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းကာ စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့ဦးကျောင်းတိုက်သို့ သွားရောက်၍ နောင်ချိုမြို့ပေါ်ရှိ ဆရာတော်ကြီး ၁၀ ပါးအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး နောင်ချိုပညာရေးမှူးရုံးကို သွားရောက်စစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည် ဗိမာန်တော်တွင် တပ်မတော်ဆေးတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကိုကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်ချိုမြို့ မြို့တော်ခန်းမ သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးသွားသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် နောင်ချိုရဲစခန်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# နောင်ချို- ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင်-မန္တလေး လမ်းကြောင်းကြီး ပြန်လည်ဖွင့်လှစ်နိုင်မှုနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းများ၌အသုံးပြုမည့် ဘိလပ်မြေများကို ဒေသတွင်းသို့ လျင်မြန်စွာပို့ဆောင်

နေပြည်တော် ဇူလိုင် ၂၀



တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများ အလိုက်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်ကအပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အကြမ်းဖက်သမားများ တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့နယ်တို့အား ယာယီထိန်းချုပ်ထားစဉ် ဒေသခံပြည်သူလူထုအနေဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်ကာ ယာယီနေရပ်စွန့်ခွာခဲ့ရပြီး ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ နိမ့်ကျခဲ့ရသည်။

ထို့ပြင် အကြမ်းဖက်သမားများအနေဖြင့် နောင်ချို-ကျောက်ကြမ်း-အုမ္မခါး-အုမ္မသီး လမ်းကြောင်းအား ထိန်းချုပ်၍ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ ရပ်တန့်အောင်လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခဲ့မှုကြောင့် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ လောင်ဖန်းကျေးရွာအနီးရှိ Crown ဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသော ဘိလပ်မြေများကို မန္တလေးလျှောင်ကြီးကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်စဉ်က လိုအပ်လျက်ရှိသောနေရာများသို့ လွယ်ကူလျင်မြန်စွာ ပေးပို့နိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအနေဖြင့် ဘိလပ်မြေများကို ဈေးနှုန်းမြင့်မားစွာ ဝယ်ယူသုံးစွဲနေရကြောင်း သိရသည်။

ယခုအခါ တပ်မတော်အနေဖြင့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့ နယ်တို့ကို ထိန်းချုပ်နိုင်ခဲ့ပြီး နောင်ချို-ကျောက်ကြမ်း- အုမ္မခါး-အုမ္မသီး-ပြင်ဦးလွင် -မန္တလေး လမ်းကြောင်းကြီးကို ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာ စီးဆင်းနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဒေသခံပြည်သူလူထုအနေဖြင့်လည်း ၎င်းတို့၏နေရပ်ဒေသသို့ စိတ်အေးချမ်းသာစွာ ပြန်လည်ဝင်ရောက်လာကြပြီး နေ့စဉ်လူမှုစီးပွားဘဝကိုအေးချမ်းစွာ ပြန်လည်ဖော်ဆောင် လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။

တပ်မတော်အနေဖြင့် အဆိုပါလမ်းကြောင်းကြီးအား ပြန်လည်ဖွင့်လှစ်ပေးနိုင်သောကြောင့် ယနေ့တွင်လည်း Crown ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများ တင်ဆောင်လာသော ယာဉ် ၅၉ စီးသည် တစ်စီးလျှင် ၃၃ တန်ဖြင့် စုစုပေါင်း ၁၉၄၇ တန် (စုစုပေါင်း ဘိလပ်မြေအိတ် ၃၆၅၈၀)တို့ကို မန္တလေးမြို့နယ်သို့ သွားရောက်ပို့ဆောင်ပေးနေပြီဖြစ်ပြီး ယင်းသို့ ဘိလပ်မြေများ ပြန်လည်ပို့ဆောင်ပေးနိုင်မှုကြောင့် မန္တလေးလျှောင်ကြီးလှုပ်ခတ်ရာတွင် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော လူနေအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ စေတီ၊ ပုထိုးများ တည်ဆောက်မှုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ဖြစ်သော ဘိလပ်မြေများကို ပြည်သူလူထုအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည်ဖြစ်သည်။





### အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားအောင် အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထု စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ်မှ ကင်းဝေးအောင် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လယ်ယာစီးပွား တို့အားထား



ရွှေမိုးငွေမိုးများ ဖြိုးဖြိုးဖြိုင်ဖြိုင် ရွာသွန်းကြပေပြီ။ တောင်သူလယ်သမားဦးကြီးများ ဝမ်းသာပီတိများဖြင့် စိုက်ရေးပျိုးရေး စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မေ ၁၃ ရက်က စတင်ဝင်ရောက်ခဲ့သည်။ မေ ၂၁ ရက်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်ကာ မေ ၃၀ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးသို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ဖွန်တစ်လလုံး မိုးမပြတ်ရွာသွန်းခဲ့၏။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖြစ် ပုဂံခေတ်မတိုင်မီကပင် နှစ်ပေါင်းထောင်ချီကာ ရပ်တည်လာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်သူ၊ ပြည်သားအများစုမှာ တောင်သူလယ်သမားများပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားတို့ဘဝတိုးတက်ဖွံ့ဖြိုးရေးမှာ ခွဲခြားမရအောင် ဆက်စပ်လျက်ရှိနေသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးနေသော မြေအကျယ်အဝန်းဧက ၃၁ ဒသမ ၀၈ သန်းရှိပြီး မြေဧက ၄၃ ဒသမ ၅ သန်းခန့်အထိ တိုးချဲ့ဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနေသော ဧကဧရိယာသန်း (ဧက ၁၉ ဒသမ ၈၆)ရှိပါသည်။ မုတ်သုံမိုးရေများအပြင် ဧရာဝတီ၊ ချင်းတွင်း၊ မြစ်သား၊ တပိန်၊ ရွှေလီ၊ ဒုဋ္ဌဝတီ၊ ဇော်ဂျီ၊ ပန်းလောင်၊ စစ်တောင်းစသော မြစ်ချောင်းများစွာမှလည်း ရေကို အသုံးချနိုင်ကြပါသည်။ ကာဘိုး၊ သဖန်းဆိပ်၊ ကြက်မောက်တောင် စသည့်ဆည်ကြီးများဖြင့်လည်း ရေကိုထိန်းသိမ်းဖြန့်ဝေပေးပါသည်။ လူဦးရေအရ အလုပ်လုပ်နိုင်သူမှာ ၃၅ ဒသမ ၇ သန်းခန့်ရှိပြီး ထိုအထဲမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(လယ်ယာစီးပွား)ဆောင်ရွက်သူမှာ ၂၆ ဒသမ ၃ သန်းခန့်ရှိသည်ဟု သိရပါသည်။ ဖော်ပြပါ အခြေအနေများအရ မြေရှိသည်၊ ရေရှိသည်၊ ရာသီဥတု နွေ၊ မိုး၊ ဆောင်းဟူ၍ မျိုးစုံရှိသည်။ လူလုပ်အားပြည့်ဝသည်။ အထောက်အကူပစ္စည်း အထိုက်အလျောက်ရှိသည်။ နည်းပညာအသင့်အတင့်ရှိသည်။

ထို့ကြောင့် ပြည်တွင်းတွင်စားဝတ်နေရေးအတွက် ဖူလုံနိုင်ရုံသာမက ပြည်ပသို့ စီးပွားဖြစ်တင်ပို့နိုင်စွမ်းရှိရမည်။ အဓိကအကျဆုံးလိုအပ်ချက်မှာ "အစွမ်းရှိသမျှ အလုပ် လုပ်ကြဖို့နှင့် လုပ်သမျှကို နည်းမှန်လမ်းမှန်လုပ်ကြရန်သာ ဖြစ်ချေသည်"။

**'အောင်ပယ်လယ်နှင့် နန္ဒာ**
**ကြာစုံကမွေး**
**တစ်ကန်ကိုတစ်ကန် ဆက်ပါလို့**
**ဂယက်တွေ ပင်လယ်နှိုင်းသင့်တယ်**
**လှိုင်းကြက်ခွပ်ဖွေး'။**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိဒေသအများစုသည် ပုဂံခေတ်အနော်ရထာမင်း(မြန်မာသက္ကရာဇ် ၃၇၉-၄၂၀)လက်ထက်မှစ၍ အထင်အရှားတည်ရှိခဲ့သော ကျေးရွာများဖြစ်ပါသည်။ အလောင်းစည်သူမင်းကြီး၏သားတော် မင်းရှင်စောက အောင်ပင်လယ်ကန်ကို အကြောင်းပြု၍ လယ်ပယ်သုံးသောင်း နန္ဒာကန်ကို အကြောင်းပြု၍ လယ်ပယ်နှစ်သောင်းစိုက်ပျိုးလုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့သည်။ ရှေးယခင်က "ပိန်သူကြီး"ဟု လယ်ပယ်လုပ်ခွင့်ရသူများကို ပိုင်းခြားပေးရာမှ "ပုသိမ်ကြီး"ဖြစ်လာခဲ့ပြီး (၁၂-၆-၁၉၅၉)တွင် ပုသိမ်ကြီးမြို့နယ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားရှိခဲ့၏။ တောင်ကုန်း၊ တောင်တန်း၊ တောတန်းပေါများသော လွင်ပြင်ဒေသဖြစ်သည်။ ပုသိမ်ကြီးမြို့နယ်အတွင်းရှိလယ်များအတွင်းသို့ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ပေးလျက်ရှိသည်။ ပုသိမ်ကြီးမြို့နယ်မှ လယ်သမားများသည် သုံးသီးစား၊ နှစ်သီးစားရသူများဖြစ်သဖြင့် ပုသိမ်ကြီးမြို့နယ်သည် ဝမ်းစာစပါး ဖူလုံရုံသာမက ပိုလျှံသော မြို့နယ်တစ်နယ်ဖြစ်ပါသည်။

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ယာမြေများ၌ သရက်၊ ဆီး၊ သနပ်ခါး၊ ရှောက်၊ သံပရာ၊ အုန်း၊ ဩဇာ၊ လိုက်ချီး၊ သဘော်စသည့်နှစ်ရှည်သီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ သရက်ခြံ၊ ဆီးခြံများသည် ပုသိမ်ကြီးမြို့နယ်မှဆက်၍ ပြင်ဦးလွင် မြို့နယ်အထိ တိုးချဲ့ကာ ယာတောင်သူများသည် စီးပွားဖြစ် ပြည်တွင်းသာမက ပြည်ပအထိ တင်ပို့ရောင်းချကြသည်။

ပုသိမ်ကြီးမြို့နယ် အောင်ပင်လယ်ကွင်းမှာ စိုက်ပျိုးလုပ်ကိုင်နေသော ကြွယ်ဝချမ်းသာပြည့်စုံသည့် "လယ်သမားကြီး ဦးမျိုးသန့်"သည် လယ်ယာလုပ်ငန်းစီးပွားကို အားထားဆောင်ရွက်မှု၌ စံပြုထိုက်သူတစ်ဦးဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းပညာပိုင်း (Technical Aspect)နှင့် စီးပွားရေးပိုင်း (Economic Aspect) စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သည်ကို လက်တွေ့၊ မျက်တွေ့ သိရှိရပါသည်။ မြတ်ဗုဒ္ဓဟောမြွက်ကြားတော်မူသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ တည်းဟူသော အဓိပတိတရားများနှင့်အညီ လယ်ယာလုပ်ငန်းကို ဝီရိယစိုက်ထုတ်ကြိုးစား၏။ စိတ်ဝင်စားစွာ စီမံကွပ်ကဲသည်။ အသိပညာဖြင့် အောင်မြင်အောင် လေ့လာစီမံ၏။ သူ၏ လယ်မြေများမှ စပါး၊ နှမ်း၊ ပဲ၊ နေကြာများ ရာသီအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သဖြင့် သီးနှံများများကောင်းကောင်း အထွက်တိုးသည်။ ယနေ့ကာလဈေးကောင်းရလေရာ ဦးမျိုးသန့်သည် မြေကြီးမှ ရွှေသီးစေနိုင်သူဖြစ်တော့သည်။ ထို့ပြင် သရက်၊ သဘော်၊ သနပ်ခါး၊ မက်ကဒေးမီးယား၊ နံ့သာဖြူနှစ်ရှည်ပင်ခြံများကိုလည်း "သီးနှံ၊ ရေ၊ မြေ သိအပ်ပေ" ဆိုးရိုးနှင့်အညီ သိရှိကျွမ်းကျင်သူတစ်ဦးပီသစွာ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်သောကြောင့် ရာသီမပြတ် ဝင်ငွေရရှိနေသော တောင်သူလယ်သမားတစ်ဦး ဖြစ်သည်။

---

**ယနေ့ခေတ်ကာလ၌ 'တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး'ဟု ဆောင်ရွက်ရာတွင် စိုက်ပျိုးလုပ်ကိုင်နေကြသော တောင်သူလယ်သမားများသည် အတွေးအမြင် ကျယ်ပြန့်စွာ လေ့လာသိရှိထားကြဖို့ လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများကလည်း အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည် ။**

---

စီးပွားဖြစ် စိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းသဖြင့် ဦးမျိုးသန့်သည် လှူနိုင်၊ တန်းနိုင်သည်။ ပေးနိုင်ကမ်းနိုင်ပါသည်။ "ဉာဏ္ဏနဥ္စ သင်္ဂဟော" ဆိုသည့်အတိုင်း ဇာတိမြေနှင့် ဆွေမျိုးများကို ကြည့်ရှု ကူညီထောက်ပံ့နိုင်သော၊ လူသိများသော (Cele-ဆယ်လီ) တစ်ဦးဖြစ်ပေသည်။ "ယနေ့ အထွတ်အထိပ်ရောက်နေသူများသည် တစ်မုဟုတ်ချင်းရောက်လာသည်မဟုတ်၊ ယခင်ကတည်းက သူများနှင့်မတူအောင် ကြိုးစားခဲ့သူများဖြစ်သည်"ဟု အဆိုရှိပေသည်။

ယနေ့ခေတ်ကာလ၌ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"ဟု ဆောင်ရွက်ရာတွင် စိုက်ပျိုးလုပ်ကိုင်နေကြသော တောင်သူလယ်သမားများသည် အတွေးအမြင်ကျယ်ပြန့်စွာ လေ့လာသိရှိထားကြဖို့ လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများကလည်း အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

စီးပွားဖြစ် စိုက်ပျိုးလိုလျှင် ရေအကြောင်း၊ မြေအကြောင်း၊ ရာသီဥတုအကြောင်း၊ သီးနှံပင်၏ သဘာဝအကြောင်း၊ ဈေးကွက်အခြေအနေနှင့် ပံ့ပိုးပစ္စည်းရရှိနိုင်မှု အခြေအနေ စသည်တို့ကို ကြိုတင်သိရှိနားလည်ပြီး အကွက်စေ့စေ့ ဆောင်ရွက်ကြပါလျှင် လက်ရှိစီးပွားရေးထက် ဆတိုးပြီး ကြီးပွားချမ်းသာကြမည်မှာ မလွဲဧကန်ဖြစ်မည်ဟု ရေးသားတင်ပြအပ်ပါသတည်း။

**ကိုးကား - ကျေးလက်စီးပွား ပြည်သူ့အား(Dr. ချစ်)**

**နွေးထွေး(ပုသိမ်ကြီး)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Kwoon Sang Woo ၏ Hitman-2 ပရိသတ်အားပေးမှု မြင့်မားစွာရရှိ

ရုပ်ပြဇာတ်လမ်းစာရေးဆရာအဖြစ် သရုပ်ဆောင်ထားသည့် မင်းသားကွမ်ဆောင်ဝူးနှင့်အတူ ဂျွန်ဂျောင်ဟို၊ လီရီကွမ်(ဂင်ချားနား)ကင်ဆောင်အို၊ ဟွမ်ဝူး၊ ဟန်ချီအွန်း စသည့် ဇာတ်ပို့များစွာနှင့် Hitman -2 ထွက်ရှိလာပြီး ဟာသဒရာမာဖြစ်၍ အားပေးမှုနှုန်းမြင့်မားစွာရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အပိုင်း(၁)ကဲ့သို့ပင် ကာတွန်းရုပ်ပြရေးခြင်းကို ဝါသနာပါ၍ သူ့ဘဝဇာတ်ကြောင်းကို အခြေခံရေးသားထားသည့် 'လုပ်ကြံရေးသမားဂျွန်' အတွဲ(၂)ထွက်ရန်ကြိုးစားခဲ့ရာမှ တိုက်ခိုက်ဝေဖန်မှုများကြုံခဲ့ရပြီး အကြမ်းဖက်သမားများ၏ လုပ်ကြံမှုပါခဲ့ရသည်။

အဆိုပါအကြမ်းဖက်မှုများမှာ သူ့ရုပ်ပြထဲမှအတိုင်းဖြစ်နေ၍ သံသယရှိသူ တရားခံအဖြစ် သတ်မှတ်ခံခဲ့ရမှုများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရကာ ဟာသနှော၍ တင်ပြထားရာ ပရိသတ်ရယ်မောခြင်းနှင့် ဘဝအမောပြေခဲ့ကြသည်။ (SKY)

## Top ကို ပရိသတ်များက ချီးကျူးထားကြ

ဘစ်ဘန်အဖွဲ့ဝင်ဟောင်း တော့ပ်(ခေါ်)ချွိုင်ဆီဟန်သည် Squid Game-3 အပိုင်းသစ်အတွက် လော့စ်အိန်ဂျလိစ်အကြိုတွေ့ဆုံပွဲတစ်ခုသို့ တက်ရောက်ခဲ့ပြီး သူ၏အမှားများကို ပွင့်လင်းစွာပြောကြားခဲ့၍ ပရိသတ်ချီးကျူးထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါပွဲတွင် Squid Game -2 ဇာတ်ရုပ်နှင့်ပတ်သက်၍ တော့ပ်က ဒါရိုက်တာနှင့် များစွာဆွေးနွေးခဲ့ရကြောင်း ကျရှုံးနေသည့် လူတစ်ဦး၊ ဆေးစွဲနေသူအဖြစ် ပုံဖော်ခဲ့ရာတွင် စိုးရိမ်ပူပန်မှုရှိခဲ့ပြီး သူ့ဘဝနှင့်ရင်း၍ သရုပ်ဆောင်ခဲ့ကြောင်း ပြောကြားထားသည်။

တော့ပ်က ကိုယ်တိုင်အတိတ်က အမှားများ ကျူးလွန်ခဲ့သူဖြစ်၍ သူ့ဇာတ်ရုပ်ကို သရုပ်ဆောင်ရာတွင် အမှားများကို ပြန်လည်သုံးသပ်ပြီး နောက်ထပ်စာမျက်နှာသစ်ဖွင့်နိုင်ရန် ကြိုးစားသရုပ်ဆောင်ခဲ့ပြီး ဇာတ်ရုပ်မှတစ်ဆင့် သူ့ဘဝအတွက် သင်ယူခဲ့ရသည်ဟု အမှားကို ရဲရဲဝန်ခံ၍ စင်ပေါ်တက်လာသဖြင့် ပရိသတ်များက တော့ပ်ကို ချီးကျူးနေကြသည်။ (SKY)

## ဖရဲသီး၏ ကျန်းမာရေး အကျိုးကျေးဇူးများ သုတေသနဖြင့် အတည်ပြု



မကြာသေးမီက ပြုလုပ်ခဲ့သော သုတေသနများအရ ဖရဲသီးသည် ရေဓာတ်ပြည့်ဝသည့် နွေရာသီစာ အသီးတစ်မျိုးသာမက နှလုံးကျန်းမာရေးကို မြှင့်တင်ပေးပြီး အာဟာရဓာတ်များ ပိုမိုရရှိစေကြောင်း သက်သေပြနိုင်ခဲ့သည်။ အမေရိကန် အမျိုးသားကျန်းမာရေးနှင့် အာဟာရစစ်တမ်း၏ အချက်အလက်များကို ဆန်းစစ်ထားသော အာဟာရဂျာနယ်၏ ဖော်ပြချက်အရ ဖရဲသီးစားသုံးသူများတွင် အမျှင်ဓာတ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ ဗီတာမင် C နှင့် ဗီတာမင် A အပါအဝင် အာဟာရဓာတ်များ ပိုမိုရရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် လိုင်ကိုပင်းနှင့် အခြား ကယ်ရိုတီနွိုက်ဓာတ်များ ပိုမိုရရှိစေကာ ဖြည့်စွက်သကြားနှင့် အဆီဓာတ်များ လျော့နည်းစေသည်ဟု ဆိုသည်။ အခြားသော လေ့လာမှုတစ်ခုတွင် ဖရဲသီးဖျော်ရည်တွင်ပါဝင်သော ဒြပ်ပေါင်းများသည် သွေးကြောလုပ်ဆောင်မှုကို သကြားဓာတ်မြင့်တက်ချိန်တွင် ထောက်ပံ့ပေးနိုင်ကြောင်း ဖော်ပြထားသည်။ လိုင်ကိုပင်း၊ အယ်လ်-စီထရူလင်းနှင့် ဗီတာမင် C ကဲ့သို့သော အာဟာရဓာတ်များ ပါဝင်မှုကြောင့် ဖရဲသီးသည် နှလုံးသွေးကြောကျန်းမာရေးနှင့် အာဟာရအရည်အသွေးအတွက် တစ်နှစ်ပတ်လုံး အထောက်အကူဖြစ်စေသည်ဟု သုတေသီများက မှတ်ချက်ပြုသည်။ (SCI)

## A Beautiful Person တွင် အိုင်ယူ၏ အနုပညာကို မြင်တွေ့ရ

အလင်းနှင့်အမှောင်ကြား မွေးဖွားသူနှစ်ဦး၏ဘဝကို ပုံဖော်ရိုက်ကူးထားသည့် A Beautiful Person ဂီတဗီဒီယိုတွင် အိုင်ယူ(ခေါ်)လီဂျီအွန်းနှင့် ချာအန်ဝူးတို့ အဓိကပါဝင်ထားပြီး အိုင်ယူ၏ အနုပညာအရည်အသွေးကို မြင်တွေ့ကြရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဖြူရောင်အလင်းတန်းများဖြာ၍ လူတိုင်းချစ်ခြင်းခံရသော ယောကျ်ားလေးတစ်ဦးနှင့်အမှောင်ထုဖြာထွက်၍ လူတိုင်းသတိမထားမိသည့် မိန်းကလေးတစ်ဦးတို့ တစ်ပြိုင်နက်မွေးဖွားခဲ့ကြသည်။

အမှောင်ထုဖြာထွက်နေသည့် မိန်းကလေးမှာ ငယ်စဉ်ကစ အထီးကျန်ခဲ့၍ အလင်းတန်းဖြာထွက်နေသော ကောင်လေးကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ တိတ်တခိုးသဘောကျခဲ့သည်။ အလင်းဖြာထွက်မှုကို ကွယ်ရာက အမှောင်ထုထဲမှ မိန်းကလေးနှင့်တွေ့၍ လူသားများဖြစ်သွားကြပုံကို တင်ဆက်ထားရာမှ သီချင်းနှင့်လိုက်ဖက်မှုရှိပြီး အိုင်ယူ၏ အနုပညာကို မြင်တွေ့ကြရသည်။ (SKY)

## Kim Ji Hoon ၏ The Haunted Palace လူကြိုက်များ

အဆိုတော်၊ သရုပ်ဆောင် ကင်ဂျီဟွန်းပါဝင်ထားသည့် The Haunted Palaceတွင် ဘုရင်ကြီးဇာတ်ရုပ်နှင့်ပရိသတ်ကြားရေပန်းစားကာ လူကြိုက်များနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၈၁ ခုနှစ်၊ မေ ၉ ရက်ဖွားဖြစ်၍ အသက် ၄၄ နှစ်ရှိပြီဖြစ်သော ကင်ဂျီဟွန်းသည် ၂၀၀၂ ခုနှစ်တွင် ကေပေါ့ပ်အဖွဲ့ တူးပီအင်န်နှင့် ပွဲဦးထွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစ၍ သရုပ်ဆောင်လောကသို့ Daughter in Law နှင့် ဝင်ရောက်ခဲ့သည်။

၂၀၀၈ ခုနှစ် Love Marriage မှစ၍ ၂၀၂၃ ခုနှစ်ထိ ရုပ်ရှင်နှင့်ရုပ်သံဇာတ်ကားများစွာပါဝင်ထားပြီး ၂၀၂၄ ခုနှစ်တွင် အနားယူခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် The Haunted Palace နှင့် ပရိသတ်ကြား လူကြိုက်များခဲ့သည်။




ချောမောခန့်ညားသော ကင်ဂျီဟွန်းသည် လက်ရှိအချိန်တွင် ဆံပင်အရှည်နှင့် တစ်ဦးတည်းဘဝကို ဖြတ်သန်းနေပြီး အားလပ်ချိန်များတွင် အားကစားလိုက်စားနေသည်။ (SKY)

## G-Dragon က တွိုက်စ်အဖွဲ့ဝင် ဆာနာနှင့် ချစ်သူသတင်းကို ငြင်းဆို

ကမ္ဘာကျော်ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်းသည် ဂီတဖျော်ဖြေပွဲများနှင့် အချိန်ပြည့်နေရာမှ Good Day ထုတ်လွှင့်ပြီးနောက် တွိုက်စ်အဖွဲ့ဝင် ဆာနာနှင့်ချစ်သူသတင်းကို ငြင်းဆိုထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျီဒရယ်ဂွန်၏ Good Day တွင် အတွဲညီခဲ့သော ဆာနာနှင့် သီချင်းတိုင်ပင်ရန် တွေ့ဆုံခဲ့ပြီး Youtube Show DEX and Sana Cold Talk ကို ရိုက်ကူးပေးခဲ့သည်။ ကိုရီးယားတွင် ကျင်းပသည့် ကိုးပလေးဂီတပွဲတွင် ဆာနာတို့ တွိုက်စ်အဖွဲ့က ဧည့်သည်အဖြစ် ဖျော်ဖြေပေးခဲ့၍ ဆာနာ၏ အက်စ်အင်န်အက်စ်တွင် မန်းရှင်းခဲ့ခြင်းဖြစ်သည်မှာ ရင်းနှီးမှုပြရန်ဖြစ်သည်။

ဂျီဒရယ်ဂွန်နှင့် ဆာနာတို့ တွေ့ဆုံမှုမှာလည်း ဂီတဖန်တီးရန်အတွက်သာဖြစ်ကြောင်း ရှင်းလင်းထားသည်ကို ဂလက်ဆီဘက်မှ သတင်းထုတ်ပြန်ထားသည်။ (SKY)

## Ranbir Kapoor ၏ Dhoom:4 ၂၀၂၆ ခုနှစ်တွင် ရိုက်ကူးဖွယ်ရှိ

ဟင်ဒီရုပ်ရှင်ဇာတ်ကား Dhoom မှာ အပိုင်း(၃)အထိ ထွက်ရှိထားပြီး စတုတ္ထမြောက် Dhoom:4 ကို ဆက်လက်ရိုက်ကူးရန် စီစဉ်နေပြီဖြစ်ရာ ရမ်ဘီးကပူးရ်နှင့် ရိုက်ကူးဖွယ်ရှိသည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဝိုင်အာရ်အက်ဖ်ကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်ပြီး ရမ်ဘီးကပူးရ်နှင့် ဆက်လက်ရိုက်ကူးမည်ဖြစ်၍ ဒါရိုက်တာ အာရန်မူကာဂျီက တာဝန်ယူဖန်တီးကာ ၂၀၂၆ ခုနှစ်တွင် စတင်ရိုက်ကူးပြီး ၂၀၂၇ ခုနှစ်တွင် ပြသရန် စီစဉ်ထားသည်ဟု သတင်းထွက်ရှိလာသည်။




ထိုရုပ်ရှင်သုံးကားတွင် ဂျွန်အီဗရာဟမ်၊ ဟာရီသစ်ရိုရှမ်းနှင့် အမီရ်ခန်တို့ပါဝင်ထားကြပြီး ပရိသတ်အားပေးမှု ရရှိထားကာ အပိုင်း(၄)တွင် ရမ်ဘီးကပူးရ် ပါဝင်မည်ဆို၍ ပရိသတ်စိတ်ဝင်စားနေကြသည်။ (SKY)

# ၂၀၂၄ တွင် နိုင်ငံခြားကုန်သွယ်မှု ၆ ဒသမ ၁၆ ထရီလီယံဒေါ်လာသို့ ရောက်ရှိ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးနိုင်ငံအဖြစ် တရုတ် ရှစ်နှစ်ဆက်တိုက် ရပ်တည်



**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံသည် ၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်း ကာလ (၂၀၂၆-၃၀)အတွင်း အရည်အသွေးမြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် ဆန်းသစ်တီထွင်မှုကို ပိုမိုအားဖြည့်ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်များကို ထပ်မံမြှင့်တင်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်တင်သွားမည်ဖြစ်သည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝမ်ဝမ်ထောင်က ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဆောင်ရွက်ချက်များသည် ဘုံဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည့် ပွင့်လင်းသော၊ ပူးပေါင်းဆောင်ရွက်သောနှင့် အပြန်အလှန်အကျိုးပြုသော ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး အခင်းအကျင်းကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းလည်း ပေကျင်းမြို့တော်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နိုင်ငံသည် ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်းကာလ (၂၀၂၁-၂၅)အတွင်း အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် သိသာထင်ရှားသော တိုးတက်မှုများဖြင့် အဓိက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနိုင်ငံကြီးအဖြစ် ၎င်း၏အနေအထားကို ပိုမိုခိုင်မာစေခဲ့သည်ဟု ဝမ်ကပြောကြားသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၆ ဒသမ ၁၆ ထရီလီယံဒေါ်လာသို့ ရောက်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၃၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးနိုင်ငံအဖြစ် ရှစ်နှစ်ဆက်တိုက် ၎င်း၏အနေအထားကို ထိန်းသိမ်းထားရှိနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ



## ကိုလံဘီယာသမ္မတ ဂူစတာဗိုပေထရို ဟေတီနိုင်ငံသို့ သွားရောက်

**ဘိုဂိုတာ ဇူလိုင် ၂၀**

ကိုလံဘီယာသမ္မတ ဂူစတာဗိုပေထရိုသည် အရှိန်မြင့်တက်နေသည့် ဂိုဏ်းအဖွဲ့အကြမ်းဖက်မှုများ ဆက်လက်ဒုက္ခပေးနေချိန်တွင် အရေးပါသော ပံ့ပိုးကူညီမှုပြသသည့်အနေဖြင့် ယမန်နေ့က ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက် ဟေတီသို့ သွားရောက်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကိုလံဘီယာအစိုးရ၏ ပြောကြားချက်အရ သောကြာနေ့က စတင်ခဲ့သည့် ပေထရို၏ ခရီးစဉ်သည် လုံခြုံရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲများအပေါ် အာရုံစိုက်ခဲ့သည်။

နိုင်ငံ၏မြို့တော် ပို့တ်အိုပရင့်စ်တွင် ကိုလံဘီယာသံရုံးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သမ္မတပေထရိုက အတည်ပြုကြေညာသည်။

ဟေတီ၏ လုံခြုံရေးကို မြှင့်တင်ရန် ကူညီမည်ဟု ကတိပြုခဲ့ပြီး ဟေတီအရာရှိများကို လေ့ကျင့်ပေးရန်လည်း ၎င်းက ကမ်းလှမ်းရာ ဟေတီကိုယ်စားလှယ်အဖွဲ့များသည် ကာကွယ်ရေးစွမ်းရည်များအကြောင်း လေ့လာရန် ကိုလံဘီယာရှိ နိုင်ငံပိုင်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုသို့ ယမန်နေ့က သွားရောက်ခဲ့ကြောင်း သိရသည်။

**Mon**

# ညကလပ်တစ်ခုထဲသို့ ဝင်ရန် တန်းစီစောင့်ဆိုင်းနေစဉ် ကားတစ်စီး ဝင်တိုက်ပြီးနောက် လူ ၃၀ ဦး ဒဏ်ရာရရှိ




**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့တွင် ဇူလိုင်၁၉ရက်က ညကလပ်တစ်ခုထဲသို့ဝင်ရန် တန်းစီစောင့်ဆိုင်းနေသော လူအုပ်ထဲသို့ ကားတစ်စီးဝင်တိုက်မိပြီးနောက် လူ ၃၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဟောလိဝုဒ်အရှေ့ပိုင်း၌ ဖြစ်ပွားခဲ့သော အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်အပြီးတွင် ခုနစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေဖြင့် ဒဏ်ရာရရှိခဲ့ပြီး ခြောက်ဦးမှာ ပြင်းထန်သော ဒဏ်ရာများ ရရှိခဲ့သည်ဟု လော့စ်အိန်ဂျယ်လိစ်မီးသတ်ဌာနက အတည်ပြုသည်။

ဒေသစံတော်ချိန် နံနက် ၂ နာရီက ဗားမွန့်ဟောလိဝုဒ်ဂီတဖျော်ဖြေပွဲခန်းမသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေသည့် အများစုမှာ အမျိုးသမီးများဖြစ်သော လူတန်းကြီးကို ကားက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

လူအုပ်ထဲသို့ အရှိန်ဖြင့် မောင်းပြီးဝင်မတိုက်မီ ယာဉ်မောင်းက ဂငယ်ကွေ့ကွေ့ခဲ့သောကြောင့် ရဲဌာနက အဆိုပါယာဉ်တိုက်မှုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်သည့် လုပ်ရပ်အဖြစ် စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**Mon**

0-0-0-0-0

STOP AIDS

# ဗီယက်နမ်နိုင်ငံ၌ ခရီးသည်တင်လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွား လူ ၃၄ ဦးထက်မနည်း သေဆုံးကာ အချို့ပျောက်ဆုံးနေဆဲဟု ဆို



**ဟနွိုင်း ဇူလိုင် ၂၀**

ယမန်နေ့က မိုးလေဝသဆိုးရွားနေစဉ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ခရီးသည်တင် လှေတစ်စင်းတိမ်းမှောက်ခဲ့ပြီးနောက် လူ ၃၄ ဦးထက်မနည်း သေဆုံးကာ အချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းဖြစ်စဉ်သည် ဗီယက်နမ်မြောက်ပိုင်းဒေသရှိ လူကြိုက်များသော ခရီးသွားနေရာတစ်ခုဖြစ်သည့် ဟာလောင်းပင်လယ်အော်တွင် ဖြစ်ပွားခဲ့သည်။

ခရီးသည်အများစုမှာ ဟန္နိုင်းမြို့တော်မှ လာရောက်လည်ပတ်ကြသည့် ဗီယက်နမ်မိသားစုများဖြစ်သည်ဟု သတင်းများတွင် ဖော်ပြသည်။

ကယ်ဆယ်ရေးသမားများ၏ ပြောကြားချက်အရ မိုးသည်းထန်စွာရွာသွန်းမှုက အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေရေးကို အနှောင့်အယှက်ဖြစ်စေခဲ့သော်လည်း ယခုအထိ လူ ၁၁ ဦးကို ရေထဲမှ အသက်ရှင်လျက် ဆွဲထုတ်နိုင်ခဲ့ကြောင်း သိရသည်။ **Mon**

# အီရန်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှု ဇူလိုင် ၂၁ ရက်တွင် စတင်မည်

**တီဟီရန် ဇူလိုင် ၂၀**

အီရန်နှင့် ရုရှားနှစ်နိုင်ငံ ရေတပ် ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုကို ကက်စပီယံပင်လယ်အတွင်း၌ ဇူလိုင် ၂၁ ရက်မှ စတင်ကာ သုံးရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"CASAREX2025" ဟု အမည်ပေးထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုကို အီရန်မြောက်ပိုင်းရေတပ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်တပ်မတော်၏ သတင်းဝက်ဘ်ဆိုက်တွင် ကြေညာခဲ့ကြောင်း သိရသည်။ အီရန်နှင့် ရုရှားရေတပ်မှ သင်္ဘောများပါဝင်သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ကက်စပီယန်ပင်လယ်အတွင်း ရေကြောင်းလုံခြုံရေးကို မြှင့်တင်ရန်နှင့် ဒေသတွင်းရှိ ရေတပ်များကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ရည်ရွယ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အီရန်၏ အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်(IRGC)၏ ရေတပ်က အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည်ဖြစ်သည်။

ကက်စပီယံဒေသရှိ ပြည်နယ်အများအပြားကလည်း စစ်ရေးလေ့ကျင့်မှုတွင် လေ့လာစောင့်ကြည့်သူများအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**

၀-၀-၀-၀-၀



## ကွန်ဂိုနိုင်ငံ၌ ငြိမ်းချမ်းရေးလက်မှတ် ရေးထိုး

**ကွန်ဂို ဇူလိုင် ၂၀**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မတ် ၂၃ လှုပ်ရှားမှုအဖွဲ့အကြား မူအားဖြင့် ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နှစ်ဖက်အကြား ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းမူဘောင်အတွက် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းသဘောတူညီချက်ကို ပြီးပြည့်စုံသည့် ငြိမ်းချမ်းရေးသဘောတူညီချက် ဖြစ်လာစေရေးအတွက် ရှေ့ဆက်၍ ဆွေးနွေးဆောင်ရွက်မည်ဟု သိရသည်။

ကာတာနိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် ကာတာနိုင်ငံဒိုဟာတွင် ရရှိခဲ့သည့် ၎င်းပဏာမသဘောတူညီချက်သည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင် ပဋိပက္ခအပေါ် ငြိမ်းချမ်းစွာ အဖြေရှာရေးဆိုင်ရာ သိသာထင်ရှားသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရရှိရေးတို့အတွက် ဒေသတွင်းနိုင်ငံများကလည်း ကြိုးပမ်းဆောင်ရွက်မည်ဟု သိရသည်။

# ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူတရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ဇူလိုင် ၁၉ ရက်က လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁) မီးသတ်စခန်းအနောက် ဘက်တောအတွင်း မီးသွေးဖိုအနီး၌ ကိုးရွာသပြေကုန်းကျေးရွာ လေးကျွန်းမဏ္ဍိုင်ဘုန်းကြီးကျောင်းမှ ကပ္ပိယဖြစ်သူ ဦးလှဝင်း(၇၄)နှစ်အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ တရားခံများ စိစစ်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။

အမှုမှ တရားခံများ ဖမ်းဆီးရမိနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အချင်းမဖြစ်မီရက်များက အဆိုပါ ဘုန်းကြီးကျောင်း၌ ရောက်ရှိနေသည့် ကိုးရွာသပြေကုန်းကျေးရွာနေ နိုင်မင်းထွန်း(ခ)ဘိုဘို(၁၈)နှစ်၊ ဖွဲခန့်နိုင်(ခ)ဖွဲခန့်(၁၇)နှစ်နှင့် ရေတာရှည်မြို့နယ် သရက်တောကျေးရွာနေ ဆန်းမင်းငြိမ်း(ခ)ပေါက်တူး (၂၇)နှစ်တို့ သုံးဦးအား မသင်္ကာသဖြင့် စစ်ဆေးခဲ့စဉ်



ဥတ္တရသီရိမြို့နယ်၌ လူသတ်လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လူသတ်လုယက်မှုကျူးလွန်ခဲ့ကြောင်းပေါ်ပေါက်ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရှည်နှစ်ပေခန့်ရှိ ထင်းချောင်း နှစ်ချောင်း၊ VIVO အမျိုးအစား သက်သေခံ ဖုန်းတစ်လုံးနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ သုံးဦးသည် ငွေကြေးလိုအပ်ချက်ကြောင့် ကပ္ပိယဖြစ်သူ ဦးလှဝင်းထံမှ ပိုက်ဆံများလုရန် တိုင်ပင်ပြီး ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီတွင် ဦးလှဝင်း၏ မီးသွေးဖိုအနီး ဝါးရုံပင်အောက်၌ အရက်သေစာသောက်စားကာ စောင့်ဆိုင်း၍ ဦးလှဝင်းအား နိုင်မင်းထွန်း(ခ)ဘိုဘိုက အသင့်ယူလာသော ထင်းချောင်းဖြင့် ရိုက်နှက်ခဲ့ပြီး မှောက်လျက်လဲကျသွားသော ဦးလှဝင်းကို ဆန်းမင်းငြိမ်း(ခ)ပေါက်တူးက ဆွဲလှန်ပေးကာ နိုင်မင်းထွန်း(ခ)ဘိုဘိုနှင့် ဖွဲခန့်နိုင်(ခ)ဖွဲခန့်တို့က ထင်းချောင်းများဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဦးလှဝင်းကိုင်ဆောင်သော VIVO အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းနှင့် လွယ်အိတ်အတွင်းမှ ငွေကျပ် ၇၂၀၀၀ အား လုယက်ယူဆောင်ခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လူသတ်လုယက်မှုကျူးလွန်သူ နိုင်မင်းထွန်း(ခ)ဘိုဘို၊ ဖွဲခန့်နိုင်(ခ)ဖွဲခန့်နှင့် ဆန်းမင်းငြိမ်း(ခ)ပေါက်တူးတို့ သုံးဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "yaminLove" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်နေ ယမင်း(ခ)လင်းလင်းအား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရေးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာတွင် စိုင်းစီရှဲန်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုင်းမွန်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၅၀ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းစီရှဲန်(၄၁)နှစ်နှင့် စိုင်းမွန်း(၃၆)နှစ်ဆိုသူတို့အား ကာလိနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်-ပဲခူးလမ်းဟောင်း သာယာအေးကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးကိုလည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် ဟောင်ကောင်နိုင်ငံမှ တင်သွင်းလာသော နီလာဟု ယူဆရသည့် အပြာရောင်ကျောက် တစ်မျိုးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်တောင်းတံတားအနီး၌ ဘားအံမှ မန္တလေးသို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီးကိုလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Center Truck တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Shacman Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၆ ရက်တွင် ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၅၂ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၃ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်၍ ယင်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

## ပြည်တွင်းသုံးပဲမာလိုင်းများတွင် ပဲကြီးနှင့် စားတော်ပဲဈေးမြင့်တက်ကာ အဝယ်သွက်နေ



**မန္တလေး ဇူလိုင် ၂၀**

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင်ပြည်တွင်းသုံးပဲမာလိုင်းများတွင် ပဲကြီးနှင့်စားတော်ပဲ ဈေးမြင့်တက်ကာ အဝယ်သွက်နေသော်လည်း ပို့ကုန်ပဲများမှာ ဒေါ်လာငွေဈေးတည်ငြိမ်နေတာကြောင့် ဈေးကျဆင်းနေကြောင်း ကုန်သည်များထံမှ သိရသည်။

ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများမှာ ဇူလိုင်လဆန်းကတည်းက အနည်းငယ် အတက်အကျရှိသော်လည်း ပြည်တွင်းဒေါ်လာငွေဈေးတည်ငြိမ်နေသောကြောင့် ဈေးတက်လာခြင်းမရှိကြောင်း၊ ပြည်တွင်းသုံးကုလားပဲများနဲ့ ပဲမာလိုင်းများမှာလည်း ပြည်တွင်းစားသုံးမှုအတွက်သာ ပုံမှန်ရောင်းဝယ်နေကြောင်း၊ ထူးထူးခြားခြား ဈေးကောင်းနေတာကတော့ ပဲကြီးနှင့် စားတော်ပဲများမှာ အမြင့်ဈေးဖြစ်လာကြောင်း၊ လောင်လက်သမားများအတွက်တော့ အကျိုးအမြတ်ရရှိကြောင်း၊ လက်ရှိမှာ နှမ်းမျိုးစုံမှ တရုတ်ပို့ကုန်အတွက် ဈေးကွက်အတွင်း အဝင်ရှိလာလောက် အဝယ်ရှိနေကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

“ပို့ကုန် ပဲအရောင်းအဝယ်ကတော့ ပြည်တွင်းငွေလဲနှုန်းငြိမ်နေတာနဲ့အတူ အရောင်းအဝယ်အေးနေပါတယ်။ ပြည်တွင်းသုံးကုလားပဲတွေလည်း တက်နည်းနည်း ကျနည်းနည်းနဲ့ ပုံမှန်သာ အရောင်းအဝယ် ရှိနေပါတယ်။ ပဲမာလိုင်းတွေက အရင်လတွေကတည်းက ဈေးကျဆင်းနေတာကနေ ပဲကြီးနဲ့စားတော်ပဲကတော့ ဈေးကောင်းပြီး အဝယ်သွက်နေပါတယ် ပဲလက်ကျန်ကလည်း လောင်လက်သမားတွေဆီမှာပဲ ရှိတော့တယ်။ နှမ်းမျိုးစုံကတော့ ပြည်တွင်း ဆီစက်သမားတွေထက် တရုတ်လိုင်း ပို့ကုန်သမားတွေ အဝယ်ကောင်းနေပါတယ်”ဟု ၎င်းက ပြောသည်။

ဇူလိုင် ၁၈ ရက်တွင် ပို့ကုန်ပဲ များဖြစ်သည့် ပဲစင်းငုံပီသသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၆၀၀၀၊ မတ်ပဲ ပီသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀-၄၀၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပြည်တွင်းသုံးကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၇၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၇၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် ဇူလိုင်လဆန်းပိုင်းကတည်းက တဖြည်းဖြည်းဈေးမြင့်တက်လာရာ ဇူလိုင် ၁၈ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀ အထိ ဈေးမြင့်တက်လာသည်။

ယခုဇူလိုင်ဆန်းပိုင်းကတည်းက အရောင်းအဝယ်ကောင်းနေသည့် နှမ်းဈေးကွက်မှာ လက်ရှိဈေးကွက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ် ငွေကျပ် ၃၀၀၀၀ ခန့် ဈေးမြင့်တက်လာသည်။ တရုတ်လိုင်းတင်ပို့ရန်နှမ်းနက်မှာ ပို့ကုန်အတွက် ဝယ်ယူနေခြင်းကြောင့် နှမ်းဈေးမျိုးစုံနှင့် မြေပဲဆန်များ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ရာ ဇူလိုင် ၁၈ရက်တွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၆၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိနေပြီး လက်ရှိအချိန်တွင် မန္တလေးဈေးကွက်တွင်သာ အဓိက အရောင်းအဝယ်ဖြစ်နေသည့် မြေပဲအနီလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၉၄၀၀၊ မြေပဲဆီတစ်ပိသာလျှင် ငွေကျပ် ၁၇၅၀၀၊ ပဲဖတ်တစ်ပိသာလျှင် ငွေကျပ် ၄၅၀၀-၄၅၅၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**(ရွှေမန်း)**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မင်းဘူး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းစုအောင်က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်မေသျှန်နီအောင်ကျော်က မိုးတွင်းကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် လတ်တလောတွင် ဖြစ်ပွားနေသော မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ရေကြီး၊ ရေလျှံခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသော သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုကာကွယ်နိုင်ရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောကာ သဘာဝဘေးနှင့်ပတ်သက်သည့် ဗီနိုင်းပိုစတာများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၅၀၄)**



## လူငယ်ရေးရာ အသိပညာပေး ဟောပြော

**မိုင်းခုတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်တွင် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် စခန်းမှူး ရဲအုပ်တင်မိုးက မူးယစ်ဆေးဝါး စတင်ပေါ်ပေါက်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ဒုတိယရဲအုပ် အောင်မျိုးထွန်းက လူငယ်များ ခိုးယူမှုနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်တို့ကို ဟောပြောခဲ့သည်။

လူငယ်ရေးရာဟောပြောပွဲသို့ မိုင်းခုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့မိ၊ မြို့ဖများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

**မိုင်းစံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့နံနက် ၁၁ နာရီက မိုင်းစံမြို့ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းစံပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာချိုက ကလေးအလုပ်သမား၏ အဓိပ္ပါယ်၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ စသည့်သိကောင်းစရာများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကိုလေ့လာဖတ်ရှုကြရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ဖန်တီးကြရေးစသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





## ငလျင်ဘေးအန္တရာယ်ဆိုင်ရာဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြော

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇင်မိုးအောင်က ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို ဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ငလျင်လှုပ်ခတ်နေစဉ် ဆောင်ရန်၊ ရှောင်ရန်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သရုပ်ပြသခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များနှင့် ကြက်ခြေနီအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများအသုံးပြု၍ ငလျင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်းများအပြင် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကိုလည်း လက်တွေ့ပြသခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၅၇)**






## ရှင်ယာမာဒါ ဆဲလ်တစ်အသင်းတွင် ကျောနံပါတ် (၁၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မက်ဒရစ် ဇူလိုင် ၂၀**

တိုက်စစ်မှူးသစ် ရှင်ယာမာဒါ ဆဲလ်တစ်အသင်းတွင် ကျောနံပါတ် (၁၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ကာဝါဆာကီအသင်းမှ ဆဲလ်တစ်အသင်းသို့ လေးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရှင်ယာမာဒါသည် ကာဝါဆာကီအသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၁၁၉ပွဲကစားကာ ၃၂ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆဲလ်တစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ရှင်ယာမာဒါက "ကျွန်တော် ဆဲလ်တစ်အသင်းမှာ ကျောနံပါတ် ၁၈ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်အခုလို စပိန်လာလီဂါသို့ လာရောက်ကစားခွင့်ရလို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဆဲလ်တစ်အသင်းနှင့်အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။

(ယာပုံ) (NGB)




## ရပ်ရှ်ဖို့ဒ်အား ဘာစီလိုနာအသင်း အငှားဖြင့် ခေါ်ယူ

**ဘာစီလိုနာ ဇူလိုင် ၂၀**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်အား အငှားဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ရေးသားဖော်ပြခဲ့သည်။



ဘာစီလိုနာအသင်းသည် ရပ်ရှ်ဖို့၏ အငှားစာချုပ်တွင် ယူရို ၃၅သန်းနှင့် အပြီးသတ်ခေါ်ယူနိုင်ခွင့်ရှိသည့်အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၆ ပွဲကစားပြီး ၁၃၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်အနေဖြင့် ဘာစီလိုနာအသင်း၏ ရာသီကြိုခြေစမ်းပွဲစဉ်များအား လိုက်ပါကစားသွားဖွယ်လည်းရှိနေသည်။

(အပေါ်ပုံ) (NGB)

## အဆန်စီယိုအား ခေါ်ယူရန် ဖီနာဘာချီအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇူလိုင် ၂၀**

နည်းပြ မော်ရင်ဟိုကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား အဆန်စီယိုအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်သည်။




အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လာမည့်ရက်ပိုင်းအတွင်း ဖီနာဘာချီအသင်းနှင့်အတူ ဆေးစစ်မှုခံယူကာ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တောင်ပံကစားသမား အဆန်စီယိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၂၁ ပွဲ ကစားကာ ရှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖီနာဘာချီအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူသွားဦးမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ကော်တိုရစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဇူလိုင် ၂၀**

စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းဂိုးသမား ကော်တိုရစ်အား ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၈ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သည့်အပြင်၊ ဆုဖလားများစွာ ရရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကော်တိုရစ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီမှာ ဆုဖလားများစွာလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)




## လိဒ်စ်အသင်း လောင်းစတပ်ဖ်အား ခေါ်ယူ



**လန်ဒန် ဇူလိုင် ၂၀**

လိဒ်စ်အသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား လောင်းစတပ်ဖ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၄သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လိဒ်စ်အသင်းတွင် ကျောနံပါတ် (၈)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ)

ကွင်းလယ်ကစားသမား လောင်းစတပ်ဖ်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၄ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်တန်းတက်ကလပ်လိဒ်စ်အသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ငါးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)

## ဝမ်ဆာအား စာချုပ်သက်တမ်းတိုးရန် ဘရန့်ဖို့ဒ်အသင်းစီစဉ်

**လန်ဒန် ဇူလိုင် ၂၀**

ဘရန့်ဖို့ဒ်အသင်းသည် အသင်းတိုက်စစ်မှူး ဝမ်ဆာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။




တိုက်စစ်မှူး ဝမ်ဆာသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၉ပွဲကစားပြီး ၄၉ဂိုးသွင်းယူထားသည်။

ဘရန့်ဖို့ဒ်အသင်းထုတ်ပြန်ချက်တွင် "ဝမ်ဆာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။

(ဝဲပုံ) (NGB)

## ၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဇူလိုင် ၂၀**

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အင်္ဂလန်အသင်းနှင့် အီတလီအသင်း၊ စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဇူလိုင် ၂၃၊ ၂၄ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅ အမျိုးသမီးယူရိုပြိုင်ပွဲ ချန်ပီယံဆုအား ဆွတ်ခူးရန် ဂျာမနီအသင်းက ရေပန်းစားလျက်ရှိသည်။ (ယာပုံ) (NGB)



## 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Petra Marcinko တက်ရောက်

**တူရင် ဇူလိုင် ၂၀**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko တက်ရောက်ခဲ့သည်။

အဆိုပါ ခရိုအေးရှားတင်းနစ်မယ် Petra Marcinko သည် 2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆလိုဗက်ကီးယားတင်းနစ်မယ် Tamara Zidansek အား ၆-၁၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 ATV Bancomat Tennis Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် Petra Marcinko နှင့် ရုရှားတင်းနစ်မယ် Oksana Selekhmeteva တို့ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အောက်ပုံ)

(NGB)



### အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂၁-၇-၂၀၂၅ တနင်္လာနေ့ | ညနေ ၇:၃၀ နာရီ | A | အင်ဒိုနီးရှား – မလေးရှား |
| ။ | ။ | A | ဖိလစ်ပိုင် – ဘရူနိုင်း |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၁-၇-၂၀၂၅ တနင်္လာနေ့ | ည ၁၀:၃၀ နာရီ | လာ့ပါးလ်မားစ်(စပိန်) – ဘရိုက်တန်(အင်္ဂလန်) |
| ၂၂-၇-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၁:၃၀ နာရီ | စပိုတင်းလစ္စဘွန်း(ပေါ်တူဂီ) – ဆန်းဒါးလန်း(အင်္ဂလန်) |

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဘောလုံးဂိုးသွင်းပြိုင်ပွဲနှင့် ဆန်ကောရှက်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လုပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ စာအုပ်အရောင်းဆိုင်များနှင့် ဌာနဆိုင်ရာ ပြခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦးက အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသူက ပြန်လည်သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကလေး၊ လူငယ်လူရွယ်၏ အဓိပ္ပာယ်ဖော်ပြချက်၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် ဥပဒေပုဒ်မများအကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရည်မှန်းချက်(၆)ရပ် စသည့်အကြောင်းအရာများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြနွယ်နှင့်အဖွဲ့ဝင်များက ဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ Women Club အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့

**သရက် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် သရက်မြို့နယ်၊ ထုံးတောင်ကျေးရွာအုပ်စု၊ လေးတိုင်စင်ကျေးရွာတွင် မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ရှစ်အိမ်၊ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၄၅ ဦး အတွက် ထောက်ပံ့ပေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ရွှေမုဋ္ဌောဓမ္မာရုံတွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါထောက်ပံ့ပေးခြင်းကို သရက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ရှစ်အိမ်၊ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၄၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၂၅၀၀၀ အား ရေဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

*-*-*-*-*



## ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**ညောင်ဦး ဇူလိုင် ၂၀**

မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) စက်များ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲနှင့် မဲပေးစက်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်းက မြန်မာအီလက်ထရောနစ်(MEVM) စက်ကိုင်တွယ်အသုံးပြုခြင်း၊ မဲပေးပုံမဲပေးနည်းစနစ်များအား Power Point ဖြင့် ရှင်းလင်းပြောကြားပြီး သင်တန်းကာလမှာ ဇူလိုင် ၁၄ရက်မှ ဇူလိုင် ၂၆ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၆၉၂ ဦးတို့အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ လက်တွေ့ကိုင်တွယ် အသုံးပြုနည်းသင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ ပါဝင်သည့် ဆက်စပ်ပစ္စည်းများနှင့် မဲပေးစက်များစစ်ဆေးခြင်း၊ အီလက်ထရောနစ်မဲပေးစက် လက်တွေ့တပ်ဆင်လေ့ကျင့်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များ အသုံးပြုရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်မဲပေးခြင်းတို့ကို လက်တွေ့လေ့ကျင့်ခြင်း၊ မဲရုံဖွင့်ချိန်၊ မဲပေးချိန်နှင့် မဲရုံပိတ်ချိန်၌ ဆောင်ရွက်ရန်များကို လက်တွေ့သရုပ်ပြခြင်း၊ သင်ခန်းစာများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်းနှင့် လက်တွေ့ကိုင်တွယ်လေ့ကျင့်ခြင်းတို့အား သင်တန်းပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

*-*-*-*-*-*

## ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း

**မိတ္ထီလာ ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော 33KV သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင် ရှင်းလင်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သောအဖွဲ့သည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းအပြစ်လျော့နည်းကျဆင်းရေးအတွက် မိတ္ထီလာမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးလျက်ရှိသော 33KV သပြေဝ-အောင်ဆန်းဓာတ်အားလိုင်းနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၆၉)**

ရေနုတ်မြောင်း
သည်
အမှိုက်
ပစ်ရန်
နေရာ
မဟုတ်ပါ။





## နှမ်းသီးနှံ လျာထားဧက ၂၉၀၀၀ ထက် ၁၅၂၀၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စီးပွားသီးနှံများ လျာထားချက် ပြည့်မီကျော်လွန်ရေး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့မှ တောင်သူများနှင့်ပူးပေါင်း စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှမ်းသီးနှံ လျာထား ဧက ၂၉၀၀၀ ထက် ၁၅၂၀၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် တိုက်နယ်(၁၂)ခုရှိပြီး နွေနှမ်းသီးနှံများကို တိုက်နယ်(၁)၌ ၆၀၄ ဧက၊ တိုက်နယ်(၂)၌ ၃၇၄၄ ဧက၊ တိုက်နယ်(၃)၌ ၂၆၇၃ ဧက၊ တိုက်နယ်(၄)၌ ၁၈၄၇ ဧက၊ တိုက်နယ်(၅)၌ ၁၅၀၁ ဧက၊ တိုက်နယ်(၆)၌ ၁၂၈၂ ဧက၊ တိုက်နယ်(၇)၌ လျာထားစိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် တိုက်နယ်(၈)၌ ၂၅၆၆ ဧက၊ တိုက်နယ်(၉)၌ ဧက၂၆၀၀၊ တိုက်နယ်(၁၀)၌ ဧက ၅၀၆၀၊ တိုက်နယ်(၁၁)၌ ၃၀၆၄ ဧက၊ တိုက်နယ်(၁၂)၌ ၄၀၅၉ ဧက စုစုပေါင်း ဧက ၂၉၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ကြောင်းနှင့် တိုက်နယ်(၂)၌ ၂၃၅ ဧက၊ တိုက်နယ်(၃)၌ ၁၃၅၅ ဧက၊ တိုက်နယ်(၄)၌ ၂၄၈၆ ဧက၊ တိုက်နယ်(၅)၌ ဧက ၂၁၄၀၊ တိုက်နယ်(၆)၌ ၁၃၉၅ ဧက၊ တိုက်နယ်(၈)၌ ၂၀၃၉ ဧက၊ တိုက်နယ်(၉)၌ ၁၈၈၈ ဧက၊ တိုက်နယ်(၁၀)၌ ၃၃၂ ဧက၊ တိုက်နယ်(၁၁)၌ ၂၀၈၅ ဧက၊ တိုက်နယ်(၁၂)၌ ၁၂၅၁ ဧက စုစုပေါင်း ၁၅၂၀၆ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

ကျောက်ဆည်မြို့နယ် အနေဖြင့် လျာထားနှမ်းသီးနှံများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့မှ တောင်သူများနှင့် ပူးပေါင်း၍ ညှိနှိုင်းစိုက်ပျိုးလျက်ရှိကြောင်းနှင့် သီးနှံများ အောင်မြင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြန့်ဝေခြင်း၊ စိုက်နည်းစနစ်များ အသိပညာပေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေမျာ းလုံလောက်စွာပေးဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

*-*-*-*-*

## ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုမရှိခြင်းကြောင့် ငါးဖမ်းစက်လှေများ ပင်လယ်ထွက်မှုနည်းပါး

**မန္တလေး ဇူလိုင် ၂၀**



၂၀၂၅ ခုနှစ် ပင်လယ်ငါးဖမ်းရာသီကို ဇူလိုင် ၁ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ရာသီဥတုကောင်းမွန်မှုမရှိခြင်းကြောင့် ရန်ကုန်မြို့ရှိ ငါးဖမ်းစက်လှေများ ပင်လယ်ထွက်မှုနည်းပါးကာ ပင်လယ်ငါးရရှိမှု ပမာဏ ယခင်နှစ်များထက် နည်းပါးနေကြောင်း ငါးဖမ်းစက်လှေပိုင်ရှင်များထံမှ သိရသည်။

လက်ရှိအချိန်တွင် ပင်လယ်ပြင်ရေငန်ငါးဖမ်းရာသီကို ယခင်နှစ်များထက် တစ်လစော၍ ဖွင့်လှစ်လိုက်သော်လည်း ရာသီဥတုမကောင်း၍ ပင်လယ်ပြင်တွင် လှိုင်းလေကြီးကာ ရေစီးကြောင်း မှန်ကန်မှုမရှိသောကြောင့် ရန်ကုန်မြို့ရှိ ငါးဖမ်းစက်လှေ ၉၀၀ ခန့်အနက် ၃၀ ရာခိုင်နှုန်းသာ ပင်လယ်ထွက်ကြကြောင်း သိရသည်။

ပင်လယ်သို့ ငါးဖမ်းစက်လှေထွက်မှုနည်းပါးခြင်းကြောင့် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးနှင့် လှိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးအတွင်းသို့ ရေချိုနှင့် ရေငန်ရေထွက်ကုန်များ နေ့စဉ်ပျမ်းမျှတန်ချိန် ငါးသိန်းခန့် ဝင်ရောက်နေကြောင်း၊ ရေငန်ထွက်ကုန်များဝင်ရောက်မှုမှာ နေ့စဉ်ပျမ်းမျှဝင်ရောက်မှု၏ သုံးပုံတစ်ပုံဝန်းကျင်သာ ဝင်ရောက်မှုရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်း

**မန္တလေး ဇူလိုင် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကျောင်းစာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ကော်မတီဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများက မိဘဆရာအသင်းနာယကသုံးဦးနှင့် ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးကျော်နိုင်မင်း၊ ဒုတိယဥက္ကဋ္ဌ(၂)ဒေါ်စုစုရီ(အထက်တန်းပြ)တို့ ပါဝင်သော ကော်မတီဝင် ၁၄ ဦးဖြင့် လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ကို ဥက္ကဋ္ဌဦးဌေးကြွယ်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးအောင်မြင့်စိုး၊ ဘဏ္ဍာရေးမှူး ဦးတင်နိုင်စိုးတို့ ပါဝင်သော ကော်မတီဝင် ကိုးဦးဖြင့် ဖွဲ့စည်းပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးကြွယ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)





## တောင်ဘကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေ ဆင့်မအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

(အပေါ်ပုံ)

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက တောင်ဘကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများ၊ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် စနစ်တကျဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက တောင်ဘကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အစုအဖွဲ့ လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၄၀ ဦးကို ဆင့်မအကြိမ်မြောက်အဖြစ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(၄၄၅)

## မြန်မာနိုင်ငံ၏ လူဦးရေ ၅၂ သန်းဝန်းကျင်ရှိသည့်အနက် အသက်အာမခံထားရှိသူ ၂ သန်းခန့်သာရှိ

**မန္တလေး ဇူလိုင် ၂၀**

မြန်မာနိုင်ငံ၏ လူဦးရေ ၅၂ သန်းဝန်းကျင်ရှိသည့်အနက် အသက်အာမခံထားရှိသူ ၂ သန်းခန့်သာရှိပြီး အာမခံနှင့် ပတ်သက်၍ အကာအကွယ်များအကြောင်း သိရှိသူနည်းပါးနေသည်ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကောက်ယူတဲ့ စာရင်းများအရ နိုင်ငံအတွင်းမှာ အသက်အာမခံမထားဘဲ နေထိုင်သူတွေ များတာတွေ့ရတယ်။ လူဦးရေ ၅၂ သန်းမှာ ၂သန်းလောက်ပဲ အသက်အာမခံထားတာ တွေ့ရပါတယ်။ ငလျင်ဒဏ်ခံရတော့ ငလျင်လို သဘာဝဘေး အာမခံထားတဲ့ဘက်ကို ပိုပြီးစိတ်ဝင်စားလာကြတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးထိခိုက်မှုများ ခံစားရသည်ကို တွေ့ကြုံရသဖြင့် သဘာဝဘေး အာမခံထားရှိမှုအပေါ် စိတ်ဝင်စားမှုပိုမိုလာသော်လည်း အသက်အာမခံထားရှိခြင်းဖြင့် အန္တရာယ်နှင့် ကြုံတွေ့လာပါက ရရှိမည့် အကာအကွယ်အကြောင်း သိရှိမှုနည်းပါးနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသက်အာမခံ ကုမ္ပဏီပေါင်း ၁၇ ခုရှိပြီး အထွေထွေအာမခံကုမ္ပဏီ ကိုးခုရှိရာ အသက်အာမခံ ၄၈ မျိုးနှင့် အထွေထွေအာမခံ ၂၂ မျိုးနှင့် အသက်နှင့် အထွေထွေ ခြောက်မျိုးရှိကြောင်း သိရသည်။

(အောက်ပုံ) (မန္တလေးနေ့စဉ်-၉)



**အသက်သည် ဈေး**

**ဈေးသည် အသက်။**

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၁၂၇)

သွယ်အောင်

၁၉၉၆၊ ဩဂုတ်လထုတ် ရန့်သစ်မဂ္ဂဇင်း ခွဖောင်စာမျက်နှာဖြင့် ဖော်ပြခံရသော ကာတွန်းမှာ လူနှစ်ဦးက အမျိုးသမီး သုံးဦးကို လက်ညှိုးထိုးပြီး စကားပြောနေသော ပုံဖြစ်သည်။ အမျိုးသမီး သုံးဦးမှာ အဆိုတော် တစ်ဦး၊ ရုပ်ရှင်ဗီဒီယို သရုပ်ဆောင် တစ်ဦးနှင့် စာရေးဆရာမ တစ်ဦးဖြစ်ပြီး ၄င်းအမျိုးသမီးများမှာ မျိုးဆက်သစ်အနုပညာရှင်(နောက်တက်အနုပညာရှင်)များဖြစ်သည်။

ယင်းအမျိုးသမီးများ အနုပညာလောကတွင် ရပ်တည်နိုင်ခြင်းမှာ မိဘ၏ အရှိန်ဖြင့် ရပ်တည်နိုင်ခြင်းကို သရော်ထားသော ကာတွန်းပုံဖြစ်လေသည်။

ကာတွန်းပုံမှ စာသားများကို ဖော်ပြရသော် 'ဒါ …နောက်တက် အနုပညာရှင်ကလေးတွေပေါ့' ဟု လူတစ်ဦးက အခြားလူတစ်ဦးကို ပြောနေပြီး အဆိုတော်အမျိုးသမီးက 'အဆိုတော်ရဲ့ သမီးမှန်းသိအောင် ကျွန်မက အဖေ့နာမည်ထည့်မှည့်ပြီး သီချင်းဆိုတယ်'၊ ဗီဒီယိုရုပ်ရှင်ရိုက်သည့် အမျိုးသမီးက 'ရုပ်ရှင်မင်းသားရဲ့ သမီးမှန်းသိအောင် ကျွန်မလည်း အဖေ့နာမည်ထည့်မှည့်ပြီး ဗီဒီယိုရိုက်တယ်'၊ စာရေးဆရာမ လုပ်သည့် အမျိုးသမီးက 'အဟဲ …ကျွန်မလည်း စာရေးဆရာရဲ့ သမီးမှန်းသိအောင် အဖေ့နာမည်ပါတဲ့ ကလောင်နာမည် မှည့်ထားတယ်' ဟု ပြောဆိုနေကြသော ပုံဖြစ်သည်။

၁၉၉၆ ခုနှစ်၊ ဩဂုတ်လမှ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လကုန်အထိ ဖြတ်သန်းနေထိုင်ခဲ့ရသော သက္ကရာဇ်ရက်စွဲများသည် ကျွန်တော့်ဘဝအတွက် ခက်ခက်ခဲခဲဖြင့် ကြိုးစားရုန်းကန်ခဲ့ရသော ကာလများဟု ဆိုရပေမည်။

စက်ပစ္စည်းပြုပြင်ရေးကျောင်းမှ ကျောင်းဆရာအလုပ်အပြင် တခြားအလုပ်မျိုးစုံ မိမိတတ်ကျွမ်းသည့် ပန်းချီ၊ ဒီဇိုင်းရေးခြင်းတို့ဖြင့် အပိုဝင်ငွေများ ရရှိအောင် ကြိုးစားခဲ့ရသည်။ ကဗျာစာမူခ၊ ကာတွန်းစာမူခများဖြင့် ဘဝကို ရေရှည်ရပ်တည်ဖို့ဆိုသည်မှာ မသေချာချေ။

ထို့ကြောင့် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းကျောင်းမှ ယင်းကျောင်းထက်အဆင့်မြင့်သော



စက်မှု၊ လက်မှုအထက်တန်းကျောင်း (T.H.S)သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်အတွက် (စာပေဌာန) ရူပဗေဒဆရာအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်လျှောက်လွှာတင် လျှောက်ထားခဲ့သည်။

ထိုစဉ်က ကျွန်တော်မှာ စက်မှု၊ လက်မှုသိပ္ပံ G.T.I တွင် ညနေပိုင်း စက်မှုအင်ဂျင်နီယာသင်တန်း နောက်ဆုံးနှစ်(တတိယနှစ်) တက်ရောက်သင်ကြားနေချိန်လည်း ဖြစ်သည်။

စက်မှု၊ လက်မှုအထက်တန်းကျောင်း(စာပေဌာန)တွင် ရူပဗေဒဘာသာရပ် သင်ကြားရန် ဆရာတစ်ဦးလိုအပ်နေသည်ကို သိရှိရပြီး ကျွန်တော့်အနေဖြင့် ရူပဗေဒဖြင့် ဘွဲ့ရတစ်ဦးဖြစ်ကာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကျောင်းတွင်လုပ်သော ဝန်ထမ်းဆရာတစ်ဦးဖြစ်၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လိုလိုလားလား ထောက်ခံပေးကြပါသည်။

စက်ပစ္စည်းပြုပြင်ရေးထိန်းသိမ်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းကို သဘောတူပြီး စက်မှု၊ လက်မှုအထက်တန်းကျောင်း (T.H.S) မှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းကလည်း လာရောက်တာဝန်ထမ်းဆောင်ခြင်းကို လက်ခံသဘောတူကြကာ ကျွန်တော်၏ အလုပ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းလျှောက်လွှာကို လက်မှတ်ရေးထိုးပေးကြပါသည်။

စက်မှု၊ လက်မှုအထက်တန်းကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် အမိန့်စာမကျသေးခင် သူငယ်ချင်းပန်းချီဆရာများနှင့် အတူလက်တွဲပြီး လမ်းဘေးထောင် ဆိုင်းဘုတ်ကြော်ငြာအကြီးကြီးများကို ရေးဆွဲခဲ့ရသည်ကိုလည်း အမှတ်ရနေမိသည်။ ထိုစဉ်က ကြော်ငြာဘုတ်အကြီးကြီးများမှာ မန္တလေးမြို့မှအထွက် ရန်ကုန်-မန္တလေးကားလမ်းဘေး (ယခင် ချမ်းမြသာစည်လေယာဉ်ကွင်းရှေ့)တွင် စီးပွားရေးလုပ်ငန်းရှင်များက အများဆုံး စိုက်ထူကြော်ငြာကြချိန် ဖြစ်သည်။

ကျွန်တော်တို့ရေးဆွဲခဲ့ရသော ဆိုင်းဘုတ်ကြော်ငြာကြီးမှာ ၁၅ပေ×ပေ၂၀နီးပါးခန့်ရှိသော သံပြားဘုတ်အကြီးကြီးဖြစ်သည်။ (Good Year)ကားတာယာလုပ်ငန်းရှင်၏ ကြော်ငြာပန်းချီဖြစ်ပြီး ယင်းကုမ္ပဏီမှ ထုတ်လုပ်သော ကားတာယာပုံကြီးနှင့် ကြော်ငြာစာလုံးဒီဇိုင်းများကို စိုက်ထူထားသော သံပြားဘုတ်ကြီးပေါ် ဝါးငြမ်းများဆင်၍ ယင်းဝါးငြမ်းများပေါ်တက်၍ စုတ်တံဆေးပုံးများဖြင့် ရေးဆွဲရခြင်း ဖြစ်သည်။

ယင်းကြော်ငြာဘုတ်ကို လက်ခံဆောင်ရွက်သူမှာ သူငယ်ချင်းကျော်ထင်ဦး(ဘလောက်)၏ ညီဖြစ်သူ ထွန်းထွန်း(ဒီဇိုင်းဂျေနိုင်း)(J9) ဖြစ်ပြီး ကျွန်တော်၊ နေမျိုး၊ အောင်မင်းချစ်(ရှေးဟောင်းသုတေသန)တို့က ဝိုင်းဝန်းရေးဆွဲကြသည်။ တစ်ပတ်ခန့်ကြာမြင့်ပြီး လေတဟူးဟူးတိုက်နေချိန်ဖြစ်၍ ဝါးငြမ်းများမှာ ယိမ်းထိုးလှုပ်ခါနေသည်။ မိုးအုံ့ပြီး နေအနည်းငယ်သာပူ၍ တော်သေးသည်။

ထိုဆိုင်းဘုတ်ကြော်ငြာကြီး ရေးဆွဲနေစဉ် ကျွန်တော်၏ ဇနီးမှာလည်း သူကိုယ်တိုင်စက်ဘီးကလေးစီးပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ နေ့စဉ် သွားရောက်ကာ (Duty)တာဝန်ထမ်းဆောင်၍ လူနာများကို ဆေးကုသဆောင်ရွက်ပေးလျက်ရှိပါသည်။ အိမ်ထောင်ကျပြီး ငါးနှစ်ကျော်အကြာ ရှန်းကန်လှုပ်ရှားရသော ဘဝပုံရိပ်များဖြစ်သည်။

ကျွန်တော်က ကြော်ငြာဆိုင်းဘုတ်ကြီးရှေ့ ဝါးငြမ်းပေါ်မှနေ၍ အထက်မိုးကောင်းကင်ကို မော့ကြည့်ရင်း လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှ ရွေ့လျားလွင့်မျောနေသော တိမ်စိုင်တိမ်ခဲများအပေါ် အနာဂတ်အိပ်မက်ဗိမာန် တည်ဆောက်ကြည့်နေမိသည်။

အနာဂတ်ကို ပုံဖော်ကြည့်ရင်း ဝါသနာပါသည့် ကဗျာစပ်ခြင်း၊ ကာတွန်းဆွဲခြင်း၊ ပန်းချီဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းတို့ကို လုပ်ဖြစ်သော်လည်း စာပေလှုပ်ရှားမှုပွဲများသို့ မတက်ရောက်ဖြစ်တော့ပေ။

နှစ်စဉ် ကျင်းပလေ့ရှိပြီး ကျင်းပသည့် ပွဲတိုင်းတက်ရောက်ဖြစ်သည့် စာရေးဆရာ၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏ (၂၉-၁၁-၁၉၉၆) ရက် (၈၁)နှစ်ပြည့်မွေးနေ့ပွဲကိုလည်း မတက်ရောက်နိုင်တော့ပါ။ ထိုမွေးနေ့ပွဲတွင် 'မန္တလေး စာပေဆု' စာဖတ်သူများအကြိုက် ဆုပေးပွဲ တစ်ပြိုင်တည်းပြုလုပ်ကြောင်း သိရသည်။

၁၉၉၆ ခုနှစ်သည် စာပေဆုများ အများဆုံး ကျင်းပသည့် နှစ်လည်းဖြစ်သည်။ မိုးမိုး(အင်းလျား) ဝတ္ထုတိုဆု၊ ငွေတာရီမဂ္ဂဇင်းဝတ္ထုတိုဆု၊ မိတ်ဆွေများ စာပေဆု စသဖြင့် ဆုများအပြိုင်အဆိုင်ပေးကြသည်။ မိတ်ဆွေများစာပေဆုမှာ တတိယအကြိမ်မြောက်ဖြစ်ပြီး ပင်ကိုယ်ရေးဝတ္ထုတိုဆုတွင် သူငယ်ချင်း နေမျိုးက(ကြေးရုပ်မြို့တော်) ဟန်သစ်မဂ္ဂဇင်း၊ ဆောင်းပါးဆုတွင် မောင်မောင်ဇေယျက (ကျေးဇူးပြု၍ လမ်းဖြတ်ကူးလိုက်ပါ) သရဖူမဂ္ဂဇင်း၊ ကဗျာဆုတွင် ဝင်းမောင်က (ထမင်းလုံးတခွေ) ဟန်သစ် မဂ္ဂဇင်း၊ ကာတွန်းဆုတွင် နေမျိုးအေးက သရဖူမဂ္ဂဇင်းပါကာတွန်းဖြင့် ဆုရရှိကြောင်း သိရသည်။

ကျွန်တော်က စာပေဆုများကို လစဉ်ထုတ် မဂ္ဂဇင်းများရှိ အနုပညာသတင်း စာမျက်နှာပေါ်မှ တစ်ဆင့်ကြားသိနေရပြီး ကဗျာရေးခြင်း၊ ကာတွန်းရေးခြင်း အနည်းငယ်တုံ့ဆိုင်းသွားသဖြင့် မဂ္ဂဇင်းကာတွန်းတစ်ပုံနှင့် ကဗျာတစ်ပုဒ်ကို ရုပ်ရှင်တေးကဗျာမဂ္ဂဇင်းသို့ ပေးပို့ဖြစ်သည်။ ယင်းကာတွန်းပုံနှင့် ကဗျာမှာ ၁၉၉၇၊ မေလထုတ်တွင် နှစ်ခုစလုံး တစ်ပြိုင်တည်းပါရှိခဲ့လေသည်။ ကဗျာမှာ '**ကြွေနေသော သစ်ရွက်များအကြောင်း**' ဖြစ်ပြီး ဆရာမောင်ညီညွတ်၏ အင်္ဂလိပ်ဘာသာပြန်ဖြင့် အင်္ဂလိပ်-မြန်မာ နှစ်မျိုး ဖော်ပြခံခဲ့ရလေသည်။










## ဘုန်းတော်ကြီးကျောင်း(၁)တွင် လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက် ဘုန်းတော်ကြီးကျောင်း(၁) ခန်းမ၌ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဘုန်းတော်ကြီးကျောင်း(၁)မှ Grade-10 ကျောင်းသား မောင်စည်သူထွန်းက လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် လည်းကောင်း Grade-11 ကျောင်းသူ မဇာဇာလွင်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-12 ကျောင်းသား မောင်ခိုင်လင်းထက်က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့်လည်းကောင်း စသည့် ပါဝင်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇင်မင်းမောင်**

*-*-*-*-*

## ကွယ်လွန်သူ စာရေးဆရာမ ခင်ခင်ဝင်း(ပညာရေး)အား ရာပြည့်မဂ္ဂဇင်းကော်မတီမှ ဂုဏ်ပြုငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၂၀**

ကွယ်လွန်သူ မဟာအောင်မြေ မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)သည် ဇူလိုင် ၁၆ ရက်က ကွယ်လွန်ခဲ့ရာ မန္တလေးတက္ကသိုလ်မဂ္ဂဇင်းကော်မတီမှ ဂုဏ်ပြုငွေ ပေးအပ်ခြင်းကို ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက ၃၅လမ်း၊ ကီးမားတင်ဝင်းလက်ဖက်ရည်ဆိုင်တွင် ကျင်းပခဲ့သည်။

ဂုဏ်ပြုငွေပေးအပ်ပွဲတွင် မန္တလေးတက္ကသိုလ် နှစ်တစ်ရာပြည့် ဖြစ်မြောက်ရေးကော်မတီနာယက ဦးတင်မောင်က ဂုဏ်ပြုငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ရာပြည့်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒေါက်တာမောင်မောင်လေးက ဂုဏ်ပြုစကားပြောကြားခဲ့ပြီးနောက် ဆရာမကြီး၏မောင်ဖြစ်သူ ကီးမားဦးတင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆရာမဒေါ်ခင်ဝင်းသည် မန္တလေးတက္ကသိုလ်ရာပြည့်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ၊ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သူဖြစ်၍ ၎င်းကွယ်လွန်ခြင်းအတွက် ယခုကဲ့သို့ ဂုဏ်ပြုငွေ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)** **(ZLH)**



## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၂၀**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်၊ ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာအုပ်စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ် လူရွယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၉ရက် နံနက် ၁၀နာရီ က ရွှေအိုး(၂)အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားကြရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

**(အပေါ်ပုံ)**

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက် အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းများ၊စာရေးဆရာကြီးများ၏ စာပေအဆိုအမိန့်များ နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး တိုင်းရင်းသားရိုးရာ ကလေးစာပေများကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နောင်နောင်(မိသားနီးမြေ)**

*-*-*-*-*




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## တောင်တန်းပေါ်က ဆွမ်းတော်ဗျို့

* ထင်းရှူးတောတန်း၊ နေခြည်ဖျန်းချိန်
သက်နှံကို ရုံ၊ သပိတ်စုံနှင့်
အာရုံမလပ်၊ ရှင်သူမြတ်တို့
ဆွမ်းကပ်ခံယူ၊ ကြွတော်မူသည်
နှင်းမြူကြားက၊ ရွာကလေး ။

* နှင်းရည်ပက်ဆမ်း၊ ချုံခင်တန်းဘေး
ရွာလမ်းကလေး၊ မြေနီစေးနှင့် ။
ခြိမ့်ခြိမ့်အေးအေး၊ စမ်းချောင်းလေးဝယ်
ခပ်သေးသွယ်သွယ်၊ တံတားငယ်နှင့်
တံတားအကူး၊ ရှမ်းပြောင်းဖူးခင်း
ဂျုံ၊ ဘူး၊ ဖရုံ၊ သီးရွက်စုံနှင့် ။
ရိုးတံသွယ်လျ၊ ရွက်စိမ်းမြလျက်
ပွင့်ကြဝါဝါ၊ တောင်နေကြာနှင့် ။
ရနံ့မွှေးမွှေး၊ ဖြူဖြူဖွေး၍
အသွေးတင့်ပုံ၊ ငှက်ပန်းရုံနှင့် ။
သံဃာကြွလှမ်း၊ ရွာလယ်လမ်းကား
အဆန်းတင့်တယ်၊ လှမျိုးကြွယ်သား ။

* အဘိုးအဘွား၊ လယ်ယာနားမှ
ဆွမ်းအားလောင်းလှူ၊ ကုသိုလ်ယူ၏ ။
ဦးကြီးအရီး၊ စိပ်ပုတီးနှင့်
သစ်သီးစုံစွ၊ လောင်းလှူကြ၏ ။
တူစုံမောင်နှံ၊ ဆွမ်းဟင်းရံနှင့်
နိဗ္ဗာန်ရည်မှတ်၊ ကုသိုလ်ထပ်၏ ။
ကျောင်းသားအရွယ်၊ ထိုသူငယ်တို့
မြေဝယ်ဦးချ၊ ကြည်ညိုကြ၏ ။
လှူဖွယ်စုံညီ၊ လက်အုပ်ချီလျက်
ဝွမ်းဆီထိမျှ၊ ကြည်နူးကြပြီ ။

* လွမ်းမိသည်လေ၊ တောင်ပေါ်မြေမှ
မသွေဒါန၊ ကုသလနှင့်
လှပချမ်းအေး၊ ရွာကလေးဝယ်
နှင်းဖွေးဖွေးအောက်၊ မိုးလည်းသောက်သော်
"ဆွမ်းတော်ဗျို့"အော်၊ နိဗ္ဗာန်ဆော်သည်
သံဃာတော်တို့ ဆွမ်းကြွချိန် ။ ။

**ဦးဓေ**



## ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်ရှိ သာသနာလင်္ကာရကမ္ဘာ့ဇသာသနာ့ဗိမာန်၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဝါဆိုသင်္ကန်းစုပေါင်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များကို တက်ရောက်လာသော ဧည့်ပရိသတ် အပေါင်းတို့က နာယူကြည်ညိုကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဝါဆိုသင်္ကန်းများ ကပ်လှူကြသည်။ (ဝဲပုံ)

ထို့နောက် ရှမ်းပြည်နယ်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ တောင်ကြီးမြို့၊ သိမ်တောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ စုပေါင်းဝါဆိုသင်္ကန်းများကို တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၀၆ ကျောင်းသို့ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)

## စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်း

**ကျွန်းလှ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။



ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား ဩကာသကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး မြို့မရုံးဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တခေမာထံမှ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး၊ ကျွန်းလှမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ပင့်သံဃာသုံးပါးတို့အား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှတမ်း ပေးဝေကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၀)



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ BA)က ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ကာ အလှူရှင် မန္တလေး၊ နန်းတော်ရှေ့၊ နဒီလမ်း နေဖခင်ကြီး သီဟသုဓမ္မမဏိဇောတရှေ့ဦးတိတ်ကြည်၊ မိခင်ကြီး ဒေါ်ကြင်စိန်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ငွေကျပ်သိန်း ၃၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးလှက လက်ခံရယူသည်။

အဆိုပါအလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး နဝကမ္မဝတ္ထုငွေများကို တစ်ပါးချင်းစီ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။**(အပေါ်ပုံ)**

**PNT**



## မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများပြုပြင်ရန် စေတနာရှင်များမှ ငွေများနှင့် ဘိလပ်မြေ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၀**

ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက Thai Travel Agents Association& CSR Foundation For Humanity မှ ငွေကျပ် ၁၂ သိန်း၊ စက်လှေကားနှင့် ဓာတ်လှေကားပြုပြင်ရန်ငွေကျပ်ကိုးသိန်းကိုလည်းကောင်း၊ ဦးမြင့်ဦး+ဒေါ်နီနီအောင်(ထနောင်းရိပ်စားသောက်ဆိုင်)က ငွေကျပ် နှစ်သိန်းတို့ကို လာရောက်လှူဒါန်းရာ မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

**(အပေါ်ပုံ)**

ကုသိုလ်ရှင်များအနေဖြင့် သံသုံးမူး ဝ ဒသမ ၂၅တန်လျှင် ငွေကျပ် ၉၅၀၀၀၀နှုန်းဖြင့်လည်းကောင်း၊ သုံးမူးသံ ဝ ဒသမ ၅ တန်လျှင် ငွေကျပ် ၁၉၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သုံးမူးသံတစ်တန်လျှင်ငွေကျပ် ၃၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထုံး တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀နှုန်းဖြင့်လည်းကောင်း၊ သဲတစ်ကျင်းလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ချိုင်ကျောက် တစ်ကျင်းလျှင် ငွေကျပ် ၁၀၀၀၀၀နှုန်းဖြင့်လည်းကောင်း၊ (B)ကျောက် တစ်ကျင်းလျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အုတ် တစ်ချပ်လျှင် ငွေကျပ် ၃၅၀ နှုန်းဖြင့်လည်းကောင်း၊ ဆီဆေး တစ်ဂါလန်လျှင် ငွေကျပ် ၇၄၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ဂါလန်လျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ရေဆေး တစ်ပုံးလျှင် ငွေကျပ် ၂၂၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ 1”x1” ကြွေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့်လည်းကောင်း မန္တလေးတောင်ဂေါပကအဖွဲ့ရုံးနှင့် ဆုတောင်းပြည့်ဘုရားရင်ပြင် အလှူခံဌာနတို့တွင်လည်းကောင်း၊ ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၈၇၆၅၉၇၇၅၊ ၀၉-၄၄၁၀၃၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၅)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့၊ ၃၃လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားနေ မမေသန့်ဟန် (၁၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ် ခြောက်သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ) (ကဆ)**



**မျက်စိလှူကြ၊ မျက်ကြည်ရ၊ မြတ်သည့် လှူဒါန။**

# သဒ္ဓါတရားဖြင့် မေတ္တာ လက်ဆင့်ကမ်းသူ သို့

**အလှူရှင် ဦးဌေးဝင်းကလည်း ရောက်ရောက်ချင်း ကျောင်းဝင်းထဲမှာ ပျက်နေတဲ့ အဝီစိတွင်းလေးကို ကြည့်တယ် ၊ အခြားလိုအပ်တာတွေလည်း လိုက်ကြည့်နေတယ်ထင်ပါတယ် ။ 'ဘာတွေလို အပ်သေးလဲ'ဆိုတဲ့ အမေးကို ပြန်ဖြေဖို့ ကျွန်မတို့ တွန့်ဆုတ်မိတယ် ။ စက်ရေတွင်းလှူပေးမယ် တစ်ခုနဲ့ တင် ကျွန်မတို့ ကျေနပ်နေပြီလေ ။ အလှူရှင် သဒ္ဓါပျက်စေအောင် လိုအပ် ချက်တွေ အကုန်ပြောပြဖို့ ကျွန်မတို့ မဝံ့ပါဘူးလေ ။**

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မြေတူးသူ၊ မြေဆွသူ၊ ရေခပ်၊ ရေလောင်းသူများဖြင့် ကျောင်းရှေ့မြေကွက်လပ်တွင် အပြုံးပီတိများဖြင့် လှုပ်ရှားနေသောမြင်ကွင်းကို ကျောင်းဝင်းအတွင်းရှိ နှစ်ရှည်ပင်၊ အရိပ်ရပင်၊ အလှပန်းပင်၊ ရာသီပေါ်ပင်များကို ရုံးခန်းအတွင်းမှ စာရင်းပြုစုနေရင်း ကျွန်မလည်း ကလေးများနည်းတူ ပီတိများကူးစက်လျက် လှမ်း၍ကြည့်မိသည်။ သောက်ရေ၊ သုံးရေခက်ခဲခဲ့သော ကာလအချို့ကို စိတ်ထဲတွင် ပြန်၍ မြင်ယောင်မိသည်။

ကျွန်မတို့ကျောင်းလေးသည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်း ထင်ရှားလှသော ရန်ကင်းတောင်တော်မြတ်၏တောင်ဘက် တောင်တော်အရိပ်ကို ခိုလှုံလျက် အေးချမ်းသာယာလှသော ရန်ကင်းတောင်ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၁၄ ဦး တက်ရောက်ပညာသင်ကြားနေသော အမှတ်(၁၈) အခြေခံပညာ မူလတန်းကျောင်းလေးဖြစ်ပါသည်။ သောက်ရေ၊သုံးရေကို ကျောင်းဝင်းအတွင်း အဝီစိတွင်းမှ အလွယ်တကူ အသုံးပြုနေရပါသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၏ တစ်ခုသော နံနက်ခင်းတွင် ကျောင်းဝင်းအတွင်းသို့ ဝင်လာသော ကျွန်မ ကျောင်းသား၊ ကျောင်းသူများ၏ ညီညာသော သံပြိုင်အော်သံသည် ကျွန်မရင်ထဲ 'ထိတ်ခနဲ' ဖြစ်သွားရသည်။ အကြောင်းမှာ ကလေးများ၏ သံပြိုင်စကားကြောင့်ပင် 'ဆရာမကြီး ရေတိုင်က ရေမရတော့ဘူး'ဆိုတဲ့ အသံလေ။ ရေမရရင် သောက်ရေ၊ သုံးရေ အထူးသဖြင့် သန့်စင်ခန်းသုံးစွဲရန် ရေတို့ ခက်ခဲပေတော့မည်။ ကျွန်မအတွေးထဲ ရင်ဆိုင်ရမည့် အခက်အခဲတို့ စုပြုံတိုးကာ ဝင်ရောက်လာချေပြီ။

ကျောင်းလာပို့သော ကျောင်းသားမိဘများကို ခေါ်ယူတိုင်ပင်မိသည်။ 'ဆရာမကြီး ရေတွင်းက သဲများပြိုသလားမသိ။ စက်နဲ့ သဲတွေ မှုတ်ထုတ်ရင်ရနိုင်တယ်' ကိုယ့်အားနဲ့ တတ်နိုင်တဲ့ ငွေကြေးမို့ သဲမှုတ်ရန် စက်ခေါ်ခဲ့သည်။ တစ်နေကုန် ရေမှုတ်ထုတ်သော်လည်း ရေကြည်က ပြန်မလာ။ အဝါရောင်သဲနှန်း ရောစပ်နေသော ရေများသာ ရေပိုက်မှ ထွက်နေသည်။ 'ဆရာမကြီး တွင်းက ပြိုနေပြီ မြေအောက်ရေနဲ့ အလှမ်းဝေးနေပြီဖြစ်လို့ ရေတိုင် အသစ်တူးမှ ရတော့မယ်'လို့ ပြောလာတဲ့ စက်ဆရာလေးကို ရေမှုတ်ခ ငွေပေးချေရင်း ရေအခက်အခဲကို ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အတွေးက ကျွန်မကိုလွှမ်းမိုးနေပြီ။

ထို့ကြောင့်လည်း ရပ်မိ၊ရပ်ဖ ဦးကျော်ဟိန်းထံ ဆရာမလေးများကိုခေါ်လျက် အကူအညီတောင်းမိသည်။ ရပ်မိ၊ရပ်ဖပီသစွာ သူ၏စက်ရေတွင်းမှ ရေခပ်ရန်၊ ကလေးများ ရေအသင့်ခပ်နိုင်ရန် သူ၏ရေကန်ကို မနက်ကတည်းက အပြည့်ဖြည့်ပေးထားမည်ဆိုလာသည်။ ကျွန်မဝမ်းသာမိသည်။ ရေအခက်အခဲတော့ လောလောဆယ် ပြေလည်သွားပြီ။ ပေ ၅၀ ခန့်ဝေးသော ရေအလှူရှင်အိမ်သို့ G-4, G-5 ကလေးများ ရေပုံးကိုယ်စီဖြင့် မနက်ကျောင်းမတက်မီ ရှစ်နာရီဆိုလျှင် ရေသွားခပ်ကြသည်။ ကျောင်းက နည်းပညာတက္ကသိုလ်သွား ကားလမ်းဘေးတွင် တည်ရှိ၍ ယာဉ်အန္တရာယ်မဖြစ်စေရန် ဆရာမများက အလှည့်ကျ တာဝန်ယူ ကြီးကြပ်စေခဲ့ရသည်။ ရေရှည်ဆိုလျှင် ဆရာရော ကျောင်းသားပါ အခက်တွေ့လာနိုင်သည်ဖြစ်၍ ဦးကျော်ဟိန်းကို ထပ်မံအကူအညီတောင်းရသည်။ 'ကျွန်မ ကျောင်းလေးအတွက် ရေတွင်းအလှူရှင်ရှိရင် သိပ်ကောင်းမှာပဲ'၊ 'ကျွန်မတို့ ဆရာမများ စုပေါင်းအားလေးနဲ့ လက်ရေတွင်း (လက်ဖြင့်တူးသော အဝီစိတွင်းလေးတော့ ဖြစ်အောင်) ကျွန်မတို့ ကြိုးစားလှူနိုင်ပါတယ်'။ ဦးကျော်ဟိန်းကလည်း 'ဆရာမကြီး လက်တွင်းဆိုရင်တော့ ဒီလိုပဲ တွင်းပြန်ပြိုအုံးမှာပဲ။ ကျွန်တော့်မိတ်ဆွေတွေထဲက အကူအညီပေးမယ့်သူ၊ကုသိုလ်ပြုနိုင်သူ ရှာပါအုံးမယ် သိပ်မလောပါနဲ့၊ လောလောဆယ် (ကျွန်တော့် ရေကန်က ရေရနေတာပဲလေ'။ 'ဟုတ်တော့ဟုတ်ပါတယ် ကလေးတွေအတွက် ယာဉ်အန္တရာယ်ကို စိုးရိမ်ရသေးတယ်··။ ဦးကျော်ဟိန်းရေ ဒီနွေကိုတော့ မဖြစ်ဖြစ်အောင် ကြိုးစားပေးပါနော်'။ ကိုယ့်အခက်အခဲက သူ့တစ်ပါးကို ဝန်ပိစေမိသည်လားမသိ။ 'ကျွန်တော် စဉ်းစားလိုက်ပါ့မယ်'လို့ သူ့အတွေးနဲ့ ခေါင်းလေးညိမ့်ရင်း လှူဒါန်းပေးနိုင်မည့် မိတ်ဆွေတွေ တန်းစီစဉ်းစားနေပြီ ထင်ပါရဲ့။

၂၀၂၃ နှစ်ကုန် စာမေးပွဲတွေဖြေပြီး ကျောင်းတံခါးပိတ် အိမ်ပြန်ဖို့လုပ်နေကြတဲ့ ကျွန်မတို့တစ်တွေလည်း ကျောင်းဝင်းအတွင်း ဝင်လာသော ရပ်မိရပ်ဖ ဦးကျော်ဟိန်းရဲ့ ပြုံးရွှင်သောမျက်နှာကို မြင်လိုက်ရကတည်းက ဝမ်းသာစရာသတင်းတစ်ခုကြားရတော့မယ်ဆိုတာ ကြိုသိနေမိသည်။ 'လာပါ၊ လာပါရှင်' ဘာတွေ ဝမ်းသာရမှာပါလဲလို့ မေးလိုက်တဲ့ အမေးကို 'ဆရာမကြီးတို့ ဝမ်းသာလိုက်တော့ ကျွန်တော် မြို့မိမြို့ဖ ဦးမျိုးဝင်းနိုင်နဲ့ တွေ့ခဲ့ပြီ၊ သူ့ကို ကျောင်းရဲ့ အခက်အခဲပြောလိုက်တော့ 'လိုလိုလားလားပဲ'၊ 'သူ့မိတ်ဆွေကို အကူအညီတောင်းပေးမယ်၊ စိတ်ချသာနေလိုက်တော့တဲ့ တကယ်ကူညီချင်စိတ်ရှိတဲ့သူဗျာ' ကျွန်မတို့အားလုံး 'ဟယ်'ဆိုတဲ့ ဝမ်းသာတဲ့ အာမဍိတ်ကျွန်မနဲ့အတူ ဆရာမများ သံပြိုင်ထွက်ပေါ်လာကြသည်။

ဒီထက် ပိုပျော်လိုက်တော့ ဆရာမတို့ရေ သူ့မိတ်ဆွေ ဦးဌေးဝင်း(ရန်ကုန်စတိုးနှင့် အေးရိပ်မွန်အော်ဂဲနစ် စိုက်ပျိုးရေးဥယျာဉ်မိသားစု)က စက်ရေတွင်းလှူဒါန်းပေးမယ်လို့ ပြောတယ်ဗျာ၊ အင်မတန် အလှူအတန်းရက်ရောသူပေါ့၊ ကျောင်းကို သူကိုယ်တိုင်လာကြည့်အုံးမှာ။ သူလာမယ့်ရက်ကို ဆရာမတို့ကို ကျွန်တော်အကြောင်းကြားပါ့မယ်။

'ကျွန်မနဲ့အတူ ဆရာမတွေက လာမှာပေါ့ ဦးကျော်ရယ်၊ အလှူရှင်ကိုလည်း ကျေးဇူးတင်လွန်းလို့ တွေ့ချင်တာပေါ့'လို့ ပြောလိုက်ကြတယ်။ ဒီလိုနဲ့ မတ်လ ကျွန်မတို့ ကျောင်းပိတ်ရက် မတ် ၃ ရက် ကျွန်မတို့ မျှော်လင့်နေတဲ့ ဦးကျော်ဟိန်းရဲ့ ဖုန်းခေါ်သံ 'ဆရာမကြီး မနက်ဖြန် အလှူရှင် လာမယ်ဗျာ ဆရာမတို့ကျောင်းကို ရှစ်နာရီအရောက်လာခဲ့ပါနော်'။ 'ဟုတ်ကဲ့ အရောက်လာပါ့မယ်' လို့ ဖုန်းစကားအကြောင်းကြားပြီး ဆရာမလေးတွေကို အကြောင်းကြား၊ ခုနစ်နာရီခွဲ ကျောင်းကို အရောက်သွားကြမယ်ပေါ့။ အလှူရှင် ဘယ်အချိန်လာလာ စောင့်ရမှာ ငါတို့တာဝန်ဆိုတဲ့ အသိကရင်ထဲမှာရှိပြီးသားမို့ မနက်ကျောင်းကို ခုနစ်နာရီခွဲ အရောက်သွားကြတယ်။ ဝေးတဲ့ ဆရာမလေးတွေက ၇ နာရီ ၄၅ မိနစ်လောက် ရောက်လာကြတယ်။ ရပ်ရွာက ရပ်မိ၊ရပ်ဖ၊ မိဘတွေလည်း အလှူရှင်ကို စောင့်နေကြတယ်။ ရပ်မိ၊ ရပ်ဖ ဦးကျော်က ထိပ်ဆုံးကပေါ့။

ဦးဌေးဝင်းကို ကျွန်မတို့ရဲ့ မြို့မိ၊ မြို့ဖ ဦးမျိုးဝင်းနိုင်ရဲ့ဇနီး ဒေါ်ကြူကြူလွင်တို့ ဦးဆောင်ခေါ်လာတယ်။ 'ဦးမျိုးရဲ့ဇနီး မမကြူကြူက အေးချမ်းတဲ့ အပြုံးလေးနဲ့ အကူအညီလိုအပ်ရင် ဦးမျိုးကိုပြော သူ့မိတ်ဆွေတွေရော၊ သူကိုယ်တိုင်ရော လှူဒါန်းဖို့ လက်မနှေးတဲ့ သူတွေတဲ့လေ'။

အလှူရှင် ဦးဌေးဝင်းကလည်း ရောက်ရောက်ချင်း ကျောင်းဝင်းထဲမှာ ပျက်နေတဲ့ အဝီစိတွင်းလေးကို ကြည့်တယ်၊ အခြားလိုအပ်တာတွေလည်း လိုက်ကြည့်နေတယ်ထင်ပါတယ်။ 'ဘာတွေလို အပ်သေးလဲ'ဆိုတဲ့ အမေးကို ပြန်ဖြေဖို့ ကျွန်မတို့ တွန့်ဆုတ်မိတယ်။ စက်ရေတွင်း လှူပေးမယ် တစ်ခုနဲ့တင် ကျွန်မတို့ ကျေနပ်နေပြီလေ။ အလှူရှင် သဒ္ဓါပျက်စေအောင် လိုအပ်ချက်တွေ အကုန်ပြောပြဖို့ ကျွန်မတို့ မဝံ့ပါဘူးလေ။

အလှူရှင်က စက်ရေတွင်းတူးဖို့ ချက်ချင်း စက်ဆရာတွေနဲ့ အမြန်ဆုံးတွေ့နိုင်ဖို့၊ လုပ်ငန်းအကောင်အထည်ဖော်ပေးဖို့ ဦးမျိုးနဲ့တိုင်ပင်ပြီး၊ လုပ်ငန်းအကောင်အထည်ဖော်ဖို့ ရပ်မိရပ်ဖ ဦးကျော်ဟိန်းကို တာဝန်ပေးခဲ့လိုက်တာပေါ့။ ဦးကျော်ဟိန်းကလည်း တက်တက်ကြွကြွပါပဲ လုပ်ငန်းအကောင်အထည်ဖော်မယ့်အကြောင်း ကတိတွေ ပေးနေလေရဲ့။ နောက်ရက် မတ် ၄ ရက်မှာ စက်ဆရာတွေနဲ့တွေ့ပြီး လုပ်ငန်းစတင်ကာ အမြန်ဆုံးအကောင်အထည်ဖော်ခဲ့ပါတယ်။

ဦးဌေးဝင်းကိုယ်တိုင် (၃)ကြိမ်ထက်မနည်း ကိုယ်တိုင်ကြည့်ရှုစီမံပေးခဲ့ပါတယ်။ မြို့မိ၊ မြို့ဖ ဦးမျိုးကလည်း လုပ်ငန်းပြီးမြောက်ဖို့ မနက်တိုင်း သူ့ဇနီးနဲ့အရောက်လာပြီး ဟိတ်ဟန်မရှိ ကြီးကြပ်ပေးနေလိုက်တာ အားနာမှုတွေတောင် ဖြစ်ရပါတယ်။ အလှူရှင် ဦးဌေးဝင်းရဲ့ စေတနာ၊ ဦးမျိုးရဲ့ ကြီးကြပ်မှု၊ လုပ်ငန်းမှာ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ပေးခဲ့တဲ့ ဦးကျော်ဟိန်းတို့ကြောင့် ဧပြီလဆန်းမှာ စက်ရေတွင်းက ရေကြည်ရေသန့် ရခဲ့ပါပြီ။ ကျွန်မတို့အားလုံးလည်း သန့်စင်တဲ့ ရေရလို့ ပျော်ကြရပါပြီ။

စက်ရေတွင်းမှာအသုံးပြုရမယ့် ရေမြှုပ်မော်တာ၊ ရေပိုက်လိုင်း၊ သန့်စင်ခန်းနဲ့ လက်ဆေးကန်တွေလည်း ပြုပြင်မွမ်းမံတပ်ဆင်ပေးခဲ့လို့လည်း ငွေကျပ် ၆၂ သိန်းကျော် ကုန်ကျခဲ့ကာ ကျောင်းလေးအတွက် ရေအခက်အခဲ ပြေလည်ခဲ့ရပါပြီ။ ကျွန်မတို့ ကျောင်းလေးအတွက် ရေအခက်အခဲကို ဖြေရှင်းနိုင်ခဲ့တဲ့အပြင် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ခဲ့လို့ အလွန်ကျေးဇူးတွေ တင်ရပါပြီ။ ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာပါစေကြောင်း နေ့စဉ် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

အလှူရှင်နှင့်တကွ စေတနာမေတ္တာများစွာဖြင့် ကူညီပေးခဲ့ကြသူအားလုံးကို ကျောင်းသား၊ ကျောင်းသူများကိုယ်စား၊ မိဘများကိုယ်စား၊ ကျွန်မနှင့်အတူ ဆရာ၊ ဆရာမများက ထာဝရ ကျေးဇူးဥပကာရ တင်ရှိနေမှာဖြစ်ပါကြောင်းနှင့် လှူဒါန်းမှု၊ စေတနာအရင်းခံမှုကြောင့် အဆင်ပြေသာယာ၍ စိမ်းစိုနေသော ကျွန်မတို့ကျောင်းလေးသို့ မအားလပ်သည့်ကြားက တစ်ခါတစ်ခေါက်တော့ လာရောက်ကြည့်ရှုပါအုံးလို့ ဖိတ်ခေါ်လိုက်ပါရစေ။

ကျောင်းသား၊ ကျောင်းသူများအပေါ် သား၊ သမီးနဲ့မခြား မေတ္တာထားပေးခဲ့သော အလှူရှင်မိသားစုကြောင့် ကျောင်းသား၊ ကျောင်းသူများ၊ သောက်ရေသုံးရေ အဆင်ပြေအောင် စောင့်ရှောက်ပေးခဲ့သလို ကျွန်မတို့ကလည်း သားငယ်၊ သမီးငယ်တို့ပညာရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ ကြိုးစားနေကြမှာပါ။ မပြည့်စုံသော်လည်း ရှိသလောက်အားနှင့် တင့်တယ်အောင် ဆောင်ရွက်ထားသော ကျောင်းစာကြည့်တိုက်ကလည်း ကလေးတွေ အသိတိုးဖို့ ကူညီပေးနေပါတယ်။ ကျွန်မတို့ရဲ့ 'ကျေးဇူးသိမှု၊ ဂုဏ်ပြုလိုမှု၊ ကြိုးစားအားထုတ်မှု' တစ်စိတ်တစ်ဒေသကို တွေ့မြင်ဖို့ တစ်ခါတစ်ခေါက် လာရောက်စေချင်တယ်။ 'ကျေးဇူးစကား'ဆိုခွင့် ရချင်မိပါတယ်။ ကျွန်မရေးသားထားသော မပြည့်စုံသော စာသားများကို အလှူရှင် ဖတ်မိလျှင်ဖြင့်········။

နွယ်(ပညာရေး)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာ တတ်မြောက်မှ သာလျှင် အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ




နေပြည်တော် ဇူလိုင် ၂၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီရုံး အနောက်ဘက်ရှိ ငလိုက်ရာဘာ ရေလှောင်တမံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် ဒုတိယဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများနှင့်အတူ ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို ငလိုက်ရာဘာ ရေလှောင်တမံအတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ၎င်းတို့၏ ဇနီးများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၁၁၀၀၀ ကို စားရေရိက္ခာပေါကြွယ်ဝရေး၊ ရေသယံဇာတများထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေး စသည့် ရည်ရွယ်ချက်များဖြင့် ငလိုက်ရာဘာ ရေလှောင်တမံအတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ -၂၆ မြန်မာနေရှင်နယ်လိဂ် -၂ အမှတ်ပေးပြိုင်ပွဲအား ဩဂုတ် ၃ ရက်တွင် စတင်ကျင်းပမည်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးပြီး ပြိုင်ပွဲဝင် (၈)သင်းပါဝင်မည့် MNL 2 League 2025-26 ပထမအကျော့ပြိုင်ပွဲကို ဩဂုတ်လ ၃ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ချင်းလန်းအက်ဖ်စီ၊ မြဝတီအက်ဖ်စီ၊ ယူနီဗာစတီ အက်ဖ်စီ၊ ကချင်ယူနိုက်တက်အက်ဖ်စီ၊ Glory Goal FC၊ Silver Stars FC အပါအဝင် MNL-2 Promotion Amateur Club Tournament 2025ပြိုင်ပွဲမှတစ်ဆင့် တန်းတက်အသင်းများဖြစ်သည့် ရန်ကုန်စီးတီးအက်ဖ်စီနှင့် ယန်းဘွိုင်းယူနိုက်တက်အက်ဖ်စီအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၂၅-၂၆ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပြိုင်ပွဲအား ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ယူနီဗာစတီကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပြိုင်ပွဲ ပွဲစဉ်ဇယားကို ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

MNL 2 League 2025-26 ပထမအကျော့ Week-1 တွင် Silver Stars နှင့် မြဝတီ၊ ယူနီဗာစတီနှင့် ကချင်ယူနိုက်တက်၊ ရန်ကုန်စီးတီးနှင့် Glory Goal၊ ယန်းဘွိုင်းယူနိုက်တက်နှင့် ချင်းလန်းအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိပြီး မြန်မာနေရှင်နယ်လိဂ်ဘောလုံးပရိသတ်များ လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

(NGB)

ဝ-ဝ-ဝ-ဝ